' နင် ငိုထားတာလား '
' အင်း . . '
အင်း လို့ပြောပြီး မျက်ရည်တွေကျလာရောဗျာ . . .
ကျွန်တော်လည်း သူ့ကို . . မျက်နှာချင်းဆိုင်ဖက်လိုက်ပြီး . .
သူ့မျက်နှာလေးက ကျွန်တော်ရင်ခွင်ထဲမှာ . . .
' မငိုပါနဲ့ဟာ . . ဘာဖြစ်လဲငါ့ကို ပြော . . နင့်အမေဆူပြန်ပြီလား '
အရင် ကသူ့အမေဆူတိုင်း ကျွန်တော်ကို ငိုငိုပြီးပြောပြနေကြဗျ . .
အခု လည်းကျွန်တော်ကမေးလိုက်တယ် ( သူ့အဖေက သင်္ဘောကပတိန် )
သူက . .
' အင်း . . ဆူပြန်ပြီဟာ . . . ငါအရမ်းသတိရတယ် . . --- မြို့မှာနေတုန်းကလည်း . .
ငါ့ကို ငါ့အမေဆူတိုင်း . . . နင့်ကိုအရမ်းသတိရတယ်ဟာ . .
အခုလည်း ဖုန်းဆက်ပြီးဆူပြန်ပြီဟာ . . . နင့်ကိုသတိရလို့ဖုန်းဆက်လိုက်တာ '
' အေးပါဟာ . . မငိုနဲ့လို့တော့ပြောတော့ဘူး . . ငိုလို့ဝရင်ပြော . .
ငါ ကော်ဖီဖျော်တိုက်မယ် '
' ငိုတော့ပါဘူးဟာ . . နင်က ငိုတာမကြိုက်တာငါသိတယ် . .
တော်ပြီ . . နင်ရှိရင် ပြီးတာပဲ . . ကော်ဖီတိုက်မယ်ဆိုတိုက် '
အဲလိုပြောပြီး မျက်ရည်တွေကို သုတ်ပစ်တွေ . . .
ကျွန်တော်လည်း . .
' အေး . . လာနောက်ဖေးခန်းကို '
ဆိုပြီး သူ့ကိုခွေါတယ် . . လက်ဆွဲပြီး . .
ပြီးကော်ဖီဖျော် . . စားစရာတစ်ခုခုယူပြီးပြန်ထွက်လာတယ် . .
ဧည့်ခန်းကို . . . ပြီး သီချင်းဖွင့် . . ကော်ဖီသောက်ရင်းနဲ့ပေါ့ . .
သူလည်း စိတ်နည်းနည်းပေါ့သွားတယ်ထင်တယ် . . ခုနတုန်းကလို . .
မဟုတ်တော့ဘူး . . . ကျွန်တော်လည်း အေးဆေးဖြစ်ပြီထင်ပြီး . .
' နင့်အမေက ဘာကို ဖုန်းဆက်ဆူတာလဲဟ '
' ငါ့ အမှတ်မကောင်းလို့ဟ . . ပြီး . . သူ့ကိုပြန်ပြောလို့ '
' နင်ကလည်း . . ဒီအသက်ရောက်နေပြီ . . ငိုတုန်း . . နောက်ငိုနဲ့ . .
ငါဆီလာခဲ့ . . လူမလာနိုင်လည်း ဖုန်းဆက်လိုက် . . ငိုနဲ့တော့ . .
နောက်ဆို '
' အေးပါဟာ . . . နောက်ငိုတော့ဘူး '

‘ အခုကြည့် . . ဘယ်အချိန်ထဲက ငိုထားတာလည်း . . မျက်နာတစ်ခုလုံးလည်း . .
အမ်းလို့ . . ’
‘ မနေ့ည နင်ဖုန်းချသွားပြီး အမေ့ဖုန်းလာတယ်ဟ . . ပြီးတော့ ငါငိုတော့တာဘဲ . .
မအိပ်ကို မအိပ်ရသေးတာ . . အခုထိ ’
‘ နင်တော့လုပ်တော့မယ် . . . အဲ . . အခုအိပ် . . ခဏစောင့် . . ခေါင်းအုန်းယူပေးမယ် ’
‘ ခေါင်းအုန်ယူနဲ့ . . နင့်ပေါ်မှာပဲအိပ်မယ် . . တစ်ကယ်အိပ်စေချင်ရင် ’
‘ ကဲဟာ . . အိပ် . . . ’
အဲဒါနဲ့ ကျွန်တော်တို့က အစက ခုံပေါ်မှာထိုင်နေတာ . .
နောက်တော့ အောက်ကိုဆင်းလိုက်တယ် . . သူလည်းလိုက်ဆင်းလာပြီး . . .
ကျွန်တော့်ပေါင်ပေါ် ခေါင်းလေးတင်ပြီး နေနေတယ် . .
တီဗီကြည့်နေတာပေါ့ဗျာ . . အဲဒီအချိန် ကျွန်တော်သူ့ကိုသေချာကြည့်မိတယ် . .
အရမ်းလှတယ်ဗျာ . . ငိုထားလို့ ရှင်းလင်းနေတဲ့မျက်နှာလေး . .
ဆံပင်လေးကို အနောက်ကိုချထားလို့ . . မျက်နှာ တစ်ခုလုံးကိုသေသေချာချာမြင်ရတယ်ဗျာ . .
ကလေးလေးတစ်ယောက်လို အပြစ်ပြောစရာမရှိအောင်ကို . . ရှင်းလင်းနေတာပဲ . .
ပြီး နှုတ်ခမ်းလေး . . နှုတ်ခမ်းနီမဆိုးထားပဲနဲ့ကို . . သူ့နှုတ်ခမ်းလေးက
ပန်းရောင်သန်းနေတယ် . . . နှာတံလေးကလည်းဆင်းဆင်းလေး . .
အော် အခုမှသေချာကြည့်မိတယ် . . သူ့နားကပ် . .
လွန်ခဲ့တဲ့ ၃ နှစ်ကျော် သူမွေးနေ့တုန်းက ကျွန်တော်ပေးခဲ့တဲ့ နားကပ် . .
သူအခုထိဝတ်ထားဆဲ . . ကျွန်တော်ရင်ထဲအရမ်းပျော်သွားတယ် . .
တန်ဖိုးသိပ်မရှိလှပေမယ့် . . . သူလိုလူမျိုးက ကျွန်တော်ပေးတဲ့နားကပ်လေးကို . .
အခုအချိန်ထိဝတ်ထားလို့ . . ကျွန်တော်လည်း
‘ သီရိ ’
‘ ဟင် ’
တီဗီ ကြည့်ရင်းနဲ့ပြန်ထူးတာ . . ကျွန်တော့်လက်လေးကိုတော့သူကကိုင်ထားတယ် . .
‘ နင် အခုထိ ဒီနားကပ်လေးပန်ထားတုန်းပဲလား ’
သူ ကျွန်တော်ဘက်ကို လှည့်လိုက်တယ် . . .
အစက ဘယ်ဘက်ကိုစောင်ပြီး တီဗီကြည့်နေတာကနေ . .
အခု ပက်လက်လေးဖြစ်ပြီး အောက်ကနေ ကျွန်တော့်ကို ကြည့်နေတယ် . .
‘ အေးပေါ့ဟ . . နင်ပေးထားတာပဲကို . . ငါ့အမေတောင်မေးသေးတယ် . .
သူဝယ်ပေးတာ မပန်လို့ ’
ကျွန်တော်လည်း အရမ်းကို ပျော်သွားပြီး သူ့နှုတ်ခမ်းလေးကို . .
အနမ်းတစ်ပွင့် ကုန်းပြီးနမ်းလိုက်တယ် . . .
ပထမတော့ သူလည်းကြောင်ပြီး ကြည့်နေတယ် . .
ပြီးမှ သတိရလာပြီး . . ရယ်ပြတယ် . . ပြီးတော့ . .
‘ လူလည် ’
လို့လည်းပြောတယ်ဗျာ . . သူပြောလိုက်တဲ့ လူလည် ဆိုတဲ့စကားလုံးက
တစ်ကယ်ကို ရှက်စနိုးနဲ့ ပြောလိုက်သလိုပဲ
နောက်တော့သူကထပြီးလာတယ် . . ညောင်းလာပြီတဲ့ . . စောင်းအိပ်ရတာ . .
အဲဒီတော့ . ကျွန်တော်ကလည်း . .
‘ ဒီမှာလာပြီး ထိုင် . . ပြီးရင်ငါ့ကိုမှီနေ ’

ဆိုပြီး ကျွန်တော့်ခြေထောက်နှစ်ချောင်းကို ဖြဲပေးလိုက်တယ် . . .
သူကလည်း ဝင်ထိုင်တယ် . . ပြီးကျွန်တော့်ကို မှီနေတယ် . . .
သူ့ဆံပင်တွေကိုတော့ . . ဘယ်ဘက်ပုခုံးကိုကျော်ပြီး သူ့အရှေ့ကိုဆွဲချထားတယ် . . .
အော် ဒါနဲ့ အဝတ်အစား . . ကျွန်တော်က တီရှပ်အဟောင်းနဲ့ ဘောင်းဘီအတိုနဲ့ . . ( ဒူးခေါင်းလောက် ) . .
သူကလည်း . .
ကောင်းမလေးတွေငယ်ငယ်ကဝတ်တဲ့ဟာမျိုး . . လက်ပေါက်ဝတို့ . .
ခြေပေါက်ဝတို့မှာ အတွန့်လေးတွေပါတဲ့ အကျီနဲ့ ဘောင်းဘီတို့ . .
ကျွန်တော်လည်းသူ့ကို အပေါ်ကနေဖက်ထားတယ် . . သူရှေ့ကိုရောက်နေတဲ့
ကျွန်တော်လက်နှစ်ဖက်ကို သူလက်လေးနှစ်ဖက်နဲ့ကိုင်ထားတယ် . .
အဲဒီအချိန်က သီချင်းနားထောင်နေတာမဟုတ်တော့ဘူး . .
သရဲကားထိုင်ကြည့်နေတာ . . ( သူက ငယ်ငယ်ထဲက သရဲကြောက်တတ်တယ် )
သရဲကားကြည့်နေရင်းနဲ့တစ်ခါတစ်လေဆို ကျွန်တော့်လက်နှစ်ဖက်ကို ညစ်လိုက်တယ် . . .
အစကတော့ ထိုင်သာနေတာ . . . ခေါင်းကပေါင်ပေါ်မှာ . .
နောက်တဖြေးဖြေးနဲ့ . သူ့ကိုယ်လေးကမတ်လာပြီး . . .
ကျွန်တော်မျက်နှာနားကို သူ့နားလေးရောက်လာပြီ . .
သူလည်းကျွန်တော့်ရှေ့တဲ့တဲ့မှာ မတ်မတ်လေးဖြစ်နေပြီး . .
ပြီး ကျွန်တော့်လက်တွေလည်းအတင်းစုတ်ထားတယ် . . ဇာတ်ကားကလည်း အရှိန်တက်နေပြီ . . .
ကျွန်တော်လည်းသူ့ကို နည်းနည်းအားထည့်ပြီးဖက်လိုက်တယ် . .
သူက ကျွန်တော်ကို နောက်ပြန်လှန်ကြည့်တယ် . . ပြီး . . ရယ်ပြပြီး . .
ကျွန်တော့် လက်ဖျံရိုးပေါ်ကို လက်ပိုက်သလိုကိုင်ပြီးဆက်ကြည့်နေတယ် . .
ခဏကြာတော့ သရဲကားကလည်း နောက်ဆုံးခန်း . . ကြောက်ဖို့ကလည်းကောင်း . .
သူကလည်းကျွန်တော်လက်ကို အတင်းစုပ်ကိုင် . . . ကျွန်တော်ကသူ့ကိုကြည့်နေတုန်း . .
မျက်နှာလေးက ကြောက်နေတဲ့ပုံ . . . ဘယ်လိုမှစိတ်မထိန်းနိုင်တော့ဘဲ . .
သူ့ပါးလေးကို တစ်ချက်နမ်းလိုက်တယ် . . .
သူလည်းလန့်သွားတယ်ထင်တယ် . . တစ်ချက်လှည့်ကြည့်ပြန်ရော .
ပြီး သူကကျွန်တော့်ပါးကို ပြန်နမ်းတယ် . . .
ကျွန်တော်က အစကပေါင်နှစ်ချောင်းကြားထဲမှာ သူကမတ်မတ်လေးထိုင်နေသလိုဖြစ်နေတာလေ . .
အဲဒါ ပေါင်တစ်ချောင်းကိုဘေးကိုလှဲချလိုက်ပြီး သူ့ကိုယ်လေးကို . .
ကျွန်တော်နဲ့ မျက်နှာချင်းဆိုင်ဘက်လှည့်လိုက်တယ် . . . .
သူကလည်း ကိုယ်ကို ဖျော့ထားတော့ အလိုက်သင့်ပါလာတယ် . . .
ပြီးကျွန်တော်ကသူ့ကိုစိုက်ကြည့်နေလိုက်တယ် . . .
အဲဒီတော့သူက
‘ ဘာကြည့်နေတာလဲ . . မမြင်ဘူးတာကြနေတာဘဲ . . အဲဒီလိုမကြည့်နဲ့ကွာ . .
မနေတတ်ဘူး ’
‘ လှလို့ပါဟာ . . နင်ကလည်း . . ငါအရင်သိခဲ့တဲ့သီရိဆိုတာ . . .
ဒီလောက်တောင်လှပါသလားလို့ ကြည့်နေတာ ’
‘ အပိုတွေ ’
အဲလိုပြောပြီး . . မျက်နှာလေးကအောက်ငုံသွားတယ် . .
ကျွန်တော်လည်းသူ့ နဖူးလေးကို . . ကျွန်တော်နဖူးနဲ့တွန်းပြီး . .
မျက်နှာချင်းဆိုင်လိုက်တယ် . . အသက်ရှာလို့ထွက်လာတဲ့လေတွေက . .

သူ့မျက်နှာရော . . ကျွန်တော့်မျက်နှာပေါ်ပါထိနေပြီ . . .
လက်ကသူ့ကိုယ်ကိုထိမ်းထားရတာရယ် . . ညာလက်လက်ကသူ့ကိုဖက်ထားရတာရယ်ကြောင့်
မအားဘူး . . . အဲဒီလိုဖြစ်နေတုန်းကျွန်တော်ကသူ့နှုတ်ခမ်းလေးကို . .
နမ်းလိုက်တယ် . . ပြီး လျှာလေးနဲ့ သူ့ပါးစပ်ထဲကို ထည့်လိုက်တယ် . .
ပထမနောက် . . ကျောက်ရုပ်ကြီးလိုပဲဗျာ . . ဒါနဲ့ . . ကျွန်တော်လည်း . .
' ပါးစပ်ဟပေးဟာ နော် '
အဲလိုပြောလိုက်တော့ နည်းနည်းဟပေးတယ် . . .
ကျွန်တော်လည်း . . သူရဲ့ အပေါ်နှုတ်ခမ်းကို ဆွဲစုပ်လိုက် . .
အောက်နှုတ်ခမ်းကို လျှာလေးနဲ့ကလျက်လိုက် . . . လျှာလေးကို ကလိလိုက် . . .
သူလျှာလေးကို ကျွန်တော့်ပါးစပ်ထဲထိရောက်အောင်ဆွဲစုပ်လိုက်လုပ်နေတယ် . .
ခဏလောက်ကြာတော့ သူလည်းနည်းနည်းလုပ်တတ်လာပြီ . .
သူလည်းအဲဒီလို ကျွန်တော်လုပ်သလိုလိုက်လုပ်ပေးနေတယ် . .
ပထမ ပွင့်နေတဲ့မျက်လုံးလေးလည်း စင်းလို့ . . အသက်ရှူသံကလည်း . .
ပြင်းနေတယ် . . . ကျွန်တော်ညာဘက်လက်ကလည်း . သူ့ကလေးအကျီပေါ်ကနေ . .
သူ့ဘယ်ဘက်နို့အုံလေးကို ဖြေးဖြေးလေးပွတ်လိုက် . . ညစ်လိုက် . . နယ်လိုက်လုပ်ပေးနေတယ် . . .
သူညာဘက်လက်ကလည်း ကျွန်တော်ကျောဘက်တီရှပ်အောက်ကိုရောက်ပြီးပွတ်ပေးနေတယ် . .
ကျွန်တော်လည်း နမ်းတာခဏရပ်ပြီး . .
'ငါကြယ်သီးဖြုတ်လိုက်မယ်နော် '
လို့ပြောလိုက်တော့ သူကခေါင်းညိတ်ပြတယ် . .
အဲဒီအချိန်မှာ သူက ကျွန်တော်ပေါင်ပေါ်မှာ ပက်လက်လေး . .
ကျွန်တော်လည်းသူ့အကျီကြယ်သီးတွေကို တစ်လုံးချင်းဖြုတ်လိုက်တယ် . .
ႇအဲဒီမှာတော့ သူရဲ့ရင်မှာနှစ်စုံကိုမြင်ရပြီ . . . ဘလာစီယာကတော့ဝတ်ထားတုန်း . .
ကျွန်တော်လည်း သူ့ဘလာစီယာပါချွတ်လိုက်တယ် . . .
သူ့ချိတ်က အရှေ့ကချိတ်တာမို့တော်သေး . . မဟုတ်ရင် . . . ချွတ်ဖို့ကြိုးပမ်းရအုံးမှာ . .
အခုတော့ တစ်ခါထဲ ကျွတ်သွားပြီ . . အဲဒီကျွတ်လည်းသွားရော . . .
သူ့ရဲ့ လုံးဝင်းဝိုင်းစက်နေတဲ့ . . နို့အုံးနှစ်လုံးကို မြင်လိုက်ရတယ်ဗျာ . . .
နို့လေးကိုကြည့်ပြီး ကျွန်တော်စိတ်တွေ . . ထိမ်းလို့မရတော့ဗျာ . . .
ဘယ်လိုမှစိတ်တွေထိမ်းချုပ်ထားလို့မရတော့ဘူး . . .
ကျွန်တော့် သူ့နို့လေးကို ကုန်းပြီးစို့လိုက်တယ် . . .
အဲဒီအချိန်သူက . . ကျွန်တော်ခေါင်းလေးကို ကိုင်ပြီး . .
' နင် ငါ့ကိုချစ်သားရဲ့လားဟင် '
' ချစ်တာပေ့ါဟာ . . အရင်ထဲကလည်းနင့်ကိုချစ်ခဲ့တယ် . . ဒါပေမယ့် '
ကျွန်တော် ဆက်ပြီးပြောမထွက်တော့ဘူးဗျာ . . စကားလုံးတွေ . . .
ခံစားချက်တွေ . . ကျွန်တော်ရင်ထဲမှာမွန်းကြပ်နေပြီ . . . သူလည်း ရိပ်မိလို့ထင်တယ်
' နင်ရင်ထဲမှာ . . သီရိဆိုတဲ့ငါ့ နေရာတနေရာမှာ ရှိရင်ကျေနပ်ပါပြီဟာ . .
အစထဲက နင့်ကို ငါကစချစ်ခဲ့တာဘဲ . . အခုလည်းနင့်ကိုချစ်နေတုန်းဘဲ . .
ငါတဲ့ဝေးခဲ့ရတယ် . ကံတရားကိုလည်းအပြစ်မတင်ပါဘူးဟာ . .
နင်နဲ့ပြန်တွေ့ရတာကိုဘဲ ငါကျေနပ်ပါပြီဟာ . . '
ဆိုပြီး ကျွန်တော်ခေါင်းကိုအောက်ကိုဆွဲချက်ပြီး သူ့ရင်မှာနှစ်စုံနားကိုပို့လိုက်တယ် . .
ကျွန်တော်လည်းသူ့နို့သီးခေါင်းလေးပတ်ပတ်လည်ကို လျက်လိုက်တယ် . . .

သူကတော့ မျက်လုံးလေးမှေးပြီးကျွန်တော့်ခေါင်းလေးကိုပွတ်နေတယ် . .
ကျွန်တော်လည်းသူ့နို့သီးခေါင်းလေးကို စို့လိုက်တယ် . . .
ပြီးနို့အုံလေးကိုလျက်တယ် . . . ပြီးနို့အုံလေးလိုက်စွဲစုတ်လိုက်တယ် . . .
ခဏကြာတော့သူကကျွန်တော့်ခေါင်းကိုမပြီး ကျွန်တော့်မျက်နှာကိုကြည့်တယ် . . .
ပြီး . . ကျွန်တော်ကို . .
‘ ထူဟာ . . ငါ ခဏထမလို့ ’
ကျွန်တော်လည်း သူကိုမပြီးထူလိုက်တယ် . . .
သူက ကျွန်တော်နဲ့မျက်နှာချင်းဆိုင်ဖြစ်နေပြီ . . .
ထိုင်တာက . . ကျွန်တော်ကပေါင်နှစ်ဖက်ကို ကားထားတယ် . .
သူကလည်း ကျွန်တော်လိုဘဲ ပေါင်နှစ်ဖက်ကိုကားပြီး ကျွန်တော်ပေါင်ပေါ်ကိုခွထားတယ် . .
ပြီးကျွန်တော်မျက်နှာကိုကိုင်ပြီး . . သူနမ်းတယ် . . .
ပထမတော့ သူမျက်လုံးလေးက ဝိုင်းစက်နေတယ် . .
နမ်းရင်းနဲ့တစ်ဖြေးဖြေး . . . မျက်လုံးလေးမှေးစင်းပြီး . . ကျွန်တော်ကိုနမ်းနေတယ် . . .
ပြီးသူ့ ညာဘက်လက်လေးက ကျွန်တော်လက်တစ်ဘက်ကိုကိုင်ပြီး . .
သူ့နို့အုံလေးပေါ်ကိုတင်ပေးတယ် . . ကျွန်တော်လည်း ပါးစပ်ကသူ့ကိုနမ်းပြီး . . .
ကျွန်တော့် ညာဘက်လက်ကသူ့နို့လေးကိုကိုင်ပြီး ညစ်လိုက်စုတ်လိုက်လုပ်နေတယ် . . .
သူကတော့ နမ်းနေရင်နဲ့ ကျွန်တော်တီရှပ်အောက်ကနေ . . ကျွန်တော်ကျောကိုပွတ်ပေးနေတယ် . . .
အဲဒီလိုနမ်းနေရင်း . . ကျွန်တော်လက်တစ်ဖက်က . . သူ့ဘောင်းဘီအတိုလေးပေါ်ကနေ . .
သူ့အဖုတ်လေးကို ကိုင်လိုက်တယ် . . ကျွန်တော်လည်းသူ့ကိုကြည့်နေတာပေါ့ . .
သူ့ကပထမ . . နမ်းနေတာရပ်သွားပြီး . . ကျွန်တော့်ကို မျက်လုံးလေးဖွင့်ကြည့်တယ် . .
ပြီး ကျွန်တော့်ကို ကြည့်ပြီး . . . မျက်လုံးလေးပြန်မှိတ်ပြီး . . ကျွန်တော်ကို
ပြန်နမ်းတယ် . . . သူလည်း ကျွန်တော်လိုပဲ . . သူ့လက်လေးနဲ့ . . .
ကျွန်တော်ဘောင်းဘီပေါ်ကနေပွတ်ပေးတယ် . . . ခက်တာက . .
ကျွန်တော်အောက်ခံဘောင်းဘီဝတ်မထားဘူး . . .
အဲဒီတောင့် တောင်ထွက်နေတဲ့ သကောင့်သားကို သူ့လက်လေးနဲ့ . .
ဘောင်းဘီပေါ်ကနေစုပ်ထားတယ် . . . ကျွန်တော်လည်း . .
သူ့ဘောင်းဘီကို . . ဆွဲလိုက်ပြီး . . အပေါ်ကနေ သူ့အောက်ခံဘောင်းဘီအောက်ကိုနှိုက်လိုက်တယ် . . .
ပြီးသူ့အဖုတ်လေးကို ကိုင်မိတော့ အရည်လေးတွေရွှဲနေပြီ . . .
သူလည်း ကျွန်တော့်ဘောင်းဘီအောက်ကနေ ကျွန်တော်ဘွားဘက်တော်ကို လှမ်းကိုင်တယ် . .
ပြီး စုပ်လိုက်. . လွှတ်လိုက်လုပ်နေတယ် . . .
အဲဒါနဲ့ ကျွန်တော်လည်း သူ့အဖုတ်အကွဲကြောင်းလေး လက်လေးနဲ့ပွတ်ပေးနေတယ် . .
သူကတော့ ပထမတော့ ငြိမ်းမတိုက်တတ်ဘူး . . အဲဒါနဲ့ . . .
သူ့လက်လေးကို အပေါ်ကနေ . . အပေါ်တက်အောက်ဆင်းလုပ်ပေးတယ် . .
ပထမ ၁၀ ချက် ၁၅ ချက်လောက်လုပ်ပေးတော့ . . သူလုပ်တက်သွားပြီထင်တယ် . . .
သူ ဆက်ပြီးလုပ်ပေးတယ် . . ငြိမ်းတိုက်ပုံကို . .
ကျွန်တော်လည်းသူ့အဖုတ်လေးကို အလျားလိုက်အကွဲပွတ်ပေးနေတယ် . .
ခဏကြာတော့ သူ့အဖုတ်ကွဲကြောင်းလေးထဲကို . . ကျွန်တော်လက်ညှိုးကိုထိုးထည့်လိုက် . . အဲဒီအခါမှာတော့ . .
‘ အ . . အ့ . . အား . . . ကိုရယ် . . . နာတယ် . . ဖြည်းဖြည်းလုပ်ပါကိုရယ် ’
( ‘ ကို ’ ကျွန်တော်တစ်ချိန်ကသူ့ကို ခေါ်စေချင်ခဲ့သောနာမည် . . သို့သော်သူမခေါ်ခဲ့ပါ . . ယခုမှ ခေါ်
သံကြားရခြင်း )

‘ အင်း သီရိ . နာသွားလား . . ’
‘ အင်း ကို . . နာတယ် . . . ’
ဆိုပြီးပြောတယ် . . ကျွန်တော်လည်း သူ့ကို ဖြေးဖြေးလေးပွတ်ပေးနေတယ် . . .
ခဏကြာတော့ . . သူက . .
‘ ကို . . . သီရိ ပဲလုပ်ပေးမယ် . . . ကို မလုပ်နဲ့တော့ . . နောက်နေ့မှနော် . . ’
‘ ဘာလို့လည်း သီရိ . . နာလို့လား . . ကိုဖြေးဖြေးလုပ်ပေးမယ်လေ . . ’
‘ နောက်နေ့မှ ကို သဘောတိုင်းလုပ်ပါနော် . . ဒီနေ့သီရိကို ပေးလုပ်နော် . .
သီရိလုပ်ပေးမယ်နော် . . . ဘယ်လိုလုပ်ရမလဲသာပြောပြ . . ’
‘ သီရိရယ် . . . နင် တစ်ကယ် ငါ့ကို အရမ်းချစ်တာပဲလား ’
‘ ချစ်တာပေ့ါဟာ . . . အခုလည်းအရမ်းချစ်တယ် . . ဒါပေမယ့်ဟာ . .
အခုနင့်မှာက ပိုင်ရှင်နဲ့ . . . နင်လိုအပ်တဲ့အချိန် ငါဖြည့်ဆည်းပေးနိုင်ရင် . .
ငါ ကျေနပ်ပါပြီဟာ . . ’
‘ သီရိရယ် . . ’
ဆိုပြီးကျွန်တော်သူ့နှုတ်ခမ်းလေးကို စုတ်လိုက်တယ် . . .
သူလည်းပြန်စုတ်တယ် . . လျှာလေးနဲ့ အပေါ်နှုတ်ခမ်းလေးကိုစုတ်လိုက် . .
လျှာလေးကို ကစားလိုက် . . . အောက်နှုတ်ခမ်းလေးကို ကိုက်လိုက်နဲ့လုပ်နေတယ် . . .
သူ့လက်လေးကတော့ ကျွန်တော် ဘွားဘက်တော်ကို ကိုင်ပြီး အပေါ်တက်၊ .
အောက်ဆင်းလုပ်ပေးနေတယ် . . .
ခဏကြာတော့ . . .
‘ ပြောလေဟာ . . ငါဘယ်လိုလုပ်ပေးရမလဲ . . အခုလိုပဲလုပ်ပေးရမှာလား . .
ငါကြားဘူးတာတော့ . . ပါးစပ်နဲ့ပါလုပ်တယ်ကြားဘူးတယ် . .
ငါလုပ်ပေးရမလား . . နင့်လုပ်စေချင်ရင်ငါလုပ်ပေးမယ် . .
ဘယ်လိုလုပ်ပေးရမှာလဲသာပြော . . . ’
‘ နင်ရေခဲချောင်းစားဘူးတယ် ဟုတ်၊ . အဲဒီလိုဘဲ . . နောက် သီးမွှေးငှက်ပျောသီး စားဘူး တယ်ဟုတ်၊ .
အဲဒီတိုင်းဘဲ ’
‘ အင်း ’
ဆိုပြီးသူ့ခေါင်းလေးက အောက်ကိုငုံ့ပြီး . . . . . . .
ပါးစပ်ထားထဲကို ထည့်ပြီးငုံလိုက်တယ် . . .
နွေးထွေးတဲ့အရသာ . . . ကောင်းလိုက်တာဗျာ . . .
ပြီး ငုံထားပြီးတော့ . . ရှေ့တိုး နောက်ဆုတ်နဲ့လုပ်နေတယ် . . .
ရှေ့တိုးရင် တစ်နောက် . . နောက်ဆုတ်ရင်တစ်ခါ . . သူ့သွားလေးနဲ့ . .
ကျွန်တော် ထိပ်ဖူးလေးနဲ့ ထိထိသွားတာ အသည်းခိုက်မတတ်ဘဲ . . .
ပြီး သူက . . . ပါးစပ်ထဲကနေထုတ်ပြီး . . လျှာနဲ့ . . လျက်ပေးတယ်ဗျာ . .
ရေခဲချောင်းကိုလျှာနဲ့လျက်သလိုပေ့ါ . . အခုကရေခဲချောင်းမဟုတ် . .
ပူပူနွေးနွေး . . အကြောတွေတစ်ပျိုင်းပျိုင်းထနေတယ့် သကောင့်သား . .
ပြီး သကောင့်သားရဲ့ အရေခွံကို ကွမ်းသီးလုံးပေါ်အောင်သူ့လက်လေးနဲ့ . .
ဆွဲချလိုက်တယ် . . . ပြီးပေါ်လာတဲ့ ကွမ်းသီးလုံးကို . . လျှာလေးနဲ့လှည့်ပတ်လျက်တယ်ဗျာ . . .
ပြီး အချောင်းတစ်ချောင်းလုံးလိုက်လျက်တယ် . . . လက်တစ်ဖက်ကလည်း . .
ကျွန်တော့်ဥနှစ်လုံးကို ဆွဲလိုက်ညစ်လိုက်လုပ်နေတယ် . .
ကျွန်တော့်မှာတော့ ခြေထောက်နှစ်ဖက်ကိုကား . . . နောက်ကိုမှီပြီး . .

လက်ကသူ့ ဆံပင်လေးတွေကို မထားပေးရင် . . ညာဘက်လက်က . .
အောက်ဘက်ရောက်နေတဲ့သူ့နို့အုံလေးကို ညစ်လိုက် . . ကိုင်လိုက် . .
ပွတ်လိုက်လုပ်နေတယ်ဗျာ . . .
နောက်တော့ သူက ဥလေးတစ်လုံးကို ပါးစပ်ထဲကို ထည့်လိုက်တယ် . .
ထည့်လိုက်တယ်လို့ပြောတာထက် ဆွဲစုပ်လိုက်တယ်ဗျာ . . .
အား . . ကောင်းလိုက်တာဗျာ . . . လူကို လေပေါ်ရောက်နေသလိုပဲ . .
သူ ဥကိုဆွဲစုပ်နေတုန်း . . ညာဘက်လက်ကလည်း . .
ငွင်းထုပေးနေသေးတယ် . . . ပြီး အချောင်းကိုပြန်လျက်လိုက် . . . လျှာနဲ့ . .
ဒစ်တစ်ဝိုက်ကို မွှေလိုက်နဲ့ . . . ပြီးတောင်ပြီးချင်လာတယ် . .
ကျွန်တော်လည်း သူ့ခေါင်းလေးကိုစွဲမလိုက်တယ် . . .
အဲဒီတော့ . . သူက
' ဘာဖြစ်လို့လဲ '
မျက်နှာငယ်လေးနဲ့ကြည့်ပြီးမေးတယ်ဗျာ . . ကျွန်တော်လည်း သူကိုကြည့်ပြီး . .
' ငါ ပြီးတော့မယ်ဟာ . . နင့်ကို အားနာလို့ . . အဲဒါကြောင့် . '
သူက . .
' ဒါဆို ရေချိုးခန်းထဲသွားမယ်လေ . . တစ်ခါတည်း ရေဆေးလို့ရတာပေါ့ . . ငါပြန်ဆေးပေးမယ် . . '
အဲဒီလိုပြောတော့ ကျွန်တော်ကမတ်တက်ရပ်လိုက်တယ် . . .
သကောင့်သားက ငေါက်တောက် . . မတ်နေတာမှ . . မြောက်ကိုရီးယားက အနုမြူဒုံးကျည်တောင်
သူ့လောက်မတ်မှာမဟုတ်ဘူး . . မာနေတာလည်း . .
သံမဏိတောင် ပေါက်လောက်တယ် . . ထိုးထည့်ရင် . .
ဖီးက ထိပ်ကိုရောက်တော့မယ် . . အရည်ကြည်တွေတောင်စိမ့်နေပြီ . .
တော်တော်ကိုစိတ်ထိမ်းထားရတယ် . . .
အဲဒါနဲ့ . . . အဝတ်အစားတွေချွတ် . . ကျွန်တော်အခန်းထဲမှာ . .
သူရော ကျွန်တော်ရော . . သူကတော့ . . ကျွန်တော့်ပုဆိုးတစ်ထည်ကို .
ရင်ရှားနဲ့ . . . ကျွန်တော်လည်း ပုဆိုးတစ်ထည်နဲ့ . .
ထိုးထိုးထောင်ထောင်နဲ့ . . ဒါတောင်မကျသေးဘူး . .
ဘယ်ကျမလဲဗျာ . . . ကျခါနီးဆို . . သူ့ကို လှမ်းကြည့်လိုက်ရင်ဘဲ . . .
မတ်လာပြန်ပြီး . . ငြိမ်းချမ်းရေးရခါနီးမှ တောပြန်ခိုသလို . . မောင်းချပြီးမှ . ကျည်ပြန်ထိုးသလိုဖြစ်နေတယ် . . .
သူကကြည့်ပြီး
' နင် ဟာကလည်း . . မကျနိုင်တော့ဘူး . . '
မျက်စောင်းလေးထိုးပြီးပြောတယ် . . .
' ဟီး ဟီး . . နင်ကမှ ပြီးအောင်မလုပ်ပေးတာကို . . '
' အေးပါ . . မြန်မြန်လာ ကိုယ်တော် . . ရေချိုးခန်းကို . . '
အဲဒါနဲ့ကရေချိုးခန်းကို ရောက်ရော . . ကျွန်တော်က ပုဆိုးကိုချွတ်လိုက်တယ် . . . သူကတော့ရင်ရှားလေးပဲ . . .
ကျွန်တော်ပုဆိုးကို သူ့နောက်ကတန်းပေါ်နောက်လှည့်ပြီးတင်နေတုန်း. .
ကျွန်တော်ကနောက်ကနေသူ့ကိုဖက်လိုက်တယ် . . .
သူကလည်းကျွန်တော်ကိုမှီထားတယ် . . .
ပြီးကျွန်တော်ခါးကနေဖက်ထားတဲ့လက်နှစ်ဖက်ကိုလည်း . . ပြန်ကိုင်ထားတယ် . . .
ခဏကြာတော့ သူက . .
' ရေစိုကုန်မယ်ဟ . . ချွတ်လိုက်အုံးမယ် . . ခဏဖယ်ဟာ . . '

အဲဒါနဲ့ဖက်ထားတာ လွတ်လိုက်တယ် . . .
ပြီးသူကဒူးထောက်ပြီးထိုင်လိုက်တယ် . . . ပြီး . . ကျွန်တော့်ရဲ့ . .
ဘွားဘက်တော်ကို . . ညာဘက်လက်လေးနဲ့ ရှေ့တိုးနောက်ဆုတ်လုပ်ပေးနေတယ် . . .
ဘယ်ဘက်လက်လေးကလည်း ဥနှစ်လုံး စွဲလိုက် . . ညစ်လိုက်နဲ့ . .
တစ်ခါတစ်ခါ . . ပါးစပ်ထဲထည့်ပြီး . . သွင်းလိုက်ထုတ်လိုက်လုပ်လိုက် . .
လျှာလေးနဲ့ . . ဒစ်တစ်ဝိုက်ကိုလည်းလျှာလေးနဲ့လျက်တယ်ဗျာ . .
ဒီလိုနဲ့ . . အချက် ၂၀ နောက်ရှေ့တိုးနောက်ဆုတ်လုပ်ပေးနေတုန်း . .
ကျွန်တော်လည်းထိန်းမရတော့ဘက် . . ပြီးလိုက်တော့တယ်ဗျာ . .
ပြီးခါနီးအောင့်အောင့်ထားရတာများလို့ . . အများကြီးပဲဗျာ . . .
သူကတော့စိတ်ရှည်လက်ရှည် . . မငြိုငြင်ပဲ လုပ်ပေးနေရှာတုန်းဗျာ . .
ပြီး သကောင့်စား . . စိတ်လျှော့မာန်လျှော့သွားမှ . . သူက . .
' ပြီးသွားပြီလားဟ . . . ဒါဆိုရေဆေးလိုက်တော့မယ်လေ . . '
ကျွန်တော်လည်းခေါင်းကို ညိမ့်ပြလိုက်တော့ . .
ရေပန်းကိုဖွင့်ပြီး . . သေသေချာချာ . . . အမြတ်တနိုးထာတဲ့ပစ္စည်းတစ်ခုကို . .
သန့်သွားအောင်သေချာဆေးသလို . . ဆေးပေးတယ်ဗျာ . . .
ပြီး . . သူက ပလုတ်ကျင်း . . ကျွန်တော့် သွားတိုက်တံနဲ့ပဲ . . သွားတိုက် . .
ပြီး ရေချိုးကြတယ် . . အတူတူ . . . ပျော်စရာကြီးဗျာ . . ရေချိုးခန်းထဲမှာ . .
သူကို ကျွန်တော်ကဆပ်ပြာတိုက်ပေး . . သူကပြန်တိုက်ပေး . . အဲဒီလိုနဲ့ . .
ရေချိုးခန်းထဲကပြန်ထွက်လာတယ် . . ပြီး . . ကျွန်တော့်အခန်းထဲရောက်ရော . .
ရေတွေဘာတွေသုတ် . . . ပြီး . . အကျီတွေဘာတွေပြန်ဝတ်ပြီး . .
ကော်ဖီသွားဖျော်တယ် . . ပြီး . . အိမ်ရှေ့ ဝရန်တာကို . . နှစ်ယောက်အတူတူ . . ကော်ဖီခွက်ကိုယ်စီနဲ့
ထွက်လာတယ် . .
ပြီး စကားတွေထိုင်ပြောကြတယ်ဗျာ . . . အဲဒီအချိန်မှာ . . သူ့အမကလည်း . .
သူတို့ အခန်းဝရံတာရှေ့ကိုထွက်လာပြီး . . . ကျွန်တော်တို့အခန်းကိုလှမ်းကြည့်လိုက်တော့ . .
သူ့ညီမကိုတွေ့သွားတာပေါ့ . . . ပြီးသူက ရီပြတယ် . .
ပြီးဖုန်းဆက်လိုက်လို့ အမူအယာလုပ်ပြပြီးပြောတယ် . . .
ခဏနေတော့ သူ့ဖုန်းကို သူ့အမဖုန်းဆက်ရော . .
အပြင်သွားမယ်တဲ့လိုက်မလားတဲ့ . . ကျွန်တော်ပါအားရင်လိုက်ခဲ့လို့ပြောတယ် . .
( စားကြွင်း . . သူ့အမနဲ့ ကျွန်တော့်အကို . . သူငယ်ချင်း . . ကျောင်းထဲကသူငယ်ချင်း )
အဲဒါနဲ့ ကျွန်တော်လည်း . . .
' အင်း . . နင်အရင်ပြန်နှင့်လေ . . ငါ တိုက်အောက်ကစောင့်နေမယ် . အကို ကိုဖုန်းဆက်ပြီးပြောလိုက်အုန်းမယ်
. . . ပြီးရင်နင်လည်းဆင်းလာခဲ့လေ . . သွားတာပေါ့ '
' အင်း . . ဒါဆိုငါအရင်ပြန်နှင့်မယ် . . အောက်ကစောင့်နေနော် . .
ငါဘာဝတ်ခဲ့ရမလဲ . . နင်ပြော . . နင်ဝတ်စေချင်တာငါဝတ်ခဲ့မယ် '
' ရိုးရိုးလေးပဲဝတ်ခဲ့ပါလား . . တီရှပ်နဲ့ ဘောင်းဘီနဲ့ . . နင်နဲ့ပိုလိုက်တယ်ထင်လို့ . . '
' အေးပါ . . ငါဝတ်ခဲ့မယ် . . နင် ပြောသလို . . '
အဲဒီလိုပြောပြီး . . အိမ်ထဲပြန်ဝင်ခဲ့တယ် . . .
အိမ်ထဲဝင်တော့ တစ်ယောက်လက်တစ်ယောက်တွဲလို့ . . .
အိမ်ပေါက်ဝရောက်တော့ . . ကျွန်တော့်ကို . . တစ်ချက်နမ်းတယ် . . ပါးကို . . ပြီး . . .
' အရမ်းချစ်တယ် . . နင်ရင်ထဲမှာပဲထားပါနော် . . ငါ နင့်ကိုအရမ်းချစ်တဲ့အကြောင်းကို '

ကျွန်တော်လည်းသူ့ကို . . ကျွန်တော့်ရင်ခွင်ထဲဆွဲဖက်လိုက်ပြီး . .
'အေးပါဟာ . . ငါလည်းနင့်ကိုအရမ်းချစ်တယ် '
ဆိုပြီး သူ့နှုတ်ခမ်းလေးကိုနမ်းတယ် . . သူလည်းပြန်နမ်းတယ် . .
ခုနတုန်းကလိုတော့ အကြာကြီးမဟုတ်တော့ဘူးပေါ့ . .
ခါခွာနမ်းလေးပေါ့ . . စက္ကန့်ပိုင်းလောက်လေးပေါ့ဗျာ . .
ပြီးကျွန်တော်အခန်းကနေ အောက်ကိုဆင်းသွားတယ် . . .
ကျွန်တော်လည်းတံခါးပိတ်. . အကိုဆီဖုန်းဆက် . .
သူတို့နဲ့ အပြင်သွားမလို့ပြော . . လာချင်ဖုန်းဆက်လိုက်ဆိုတဲ့အကြောင်းပြော . .
ပြီးဖုန်းချလိုက်တယ် . .
ဖုန်းချပြီးအဝတ်အစားလဲ . . ပြီး ကားသော့ယူပြီးအောက်ကိုဆင်းပြီး. .
သူတို့ညီမနှစ်ယောက်ကိုစောင့်နေလိုက်တယ် . .
၅ မိနစ်လောက်ကြာတော့ ညီမနှစ်ယောက်လုံးဆင်းလာတယ် . .
သူကတော့ . . ကျွန်တော်ပြောတဲ့အတိုင်းပဲ . . တီရှုပ်အဖြူရောင်လေးနဲ့ . .
ဂျင်းဘောင်ဘီအပြာလေးနဲ့ . . . ပန်းရောင်လက်ကိုင်အိတ်လေးလွယ်လို့ . .
အရမ်းချစ်ဖို့ကောင်းတယ်ဗျာ . .
ပြီးသူ့အမက . . ကားနောက်ခန်းကို တက်တယ် . . သူက . .
ကျွန်တော့် ဘေးက ရှေ့ခန်းမှာဝင်ထိုင်ပြီး ထွက်သွားတော့ပါတယ်ဗျာ . . .
အဲဒီနေ့က . . . ရန်ကင်းပလာဇာ . . ဝိုင်ကေကေအို ကြေးအိုးဆိုင် . .
အရှိမား ကော်ဖီဆိုင် ( နေပြည်တော်ရုပ်ရှင်ရုံ ) . . တို့သွားကြတယ် . .
ဝိုင်ကေကေအို ကြေးအိုးဆိုင်ရောက်တော့ ကျွန်တော်အစ်ကိုရောက်လာပြီး . .
ကားနှစ်စီးနဲ့သွားကြတယ် . . . ဒီလိုနဲ့ . . ညနေ မိုးနည်းနည်းချုပ်တော့ . .
သူတို့ကိုလိုက်ပို့ပြီးပြန်လာခဲ့တယ် . . ညီအစ်ကိုနှစ်ယောက် . .
မေ့မရတဲ့နေ့တစ်ရက်အဖြစ် . . ဒိုင်ယာရီထဲဝင်ခဲ့တဲ့နေ့ပေါ့ဗျာ . . .

(စာကြွင်း . . သီရိတို့ အိမ်တွင်လည်း မော်တော်ကားရှိပါသည် . . ချူဆင်မဟုတ်ပါ )
အပိုင်း - ၅ ။

ဒီလိုနဲ့ ကျွန်တော်တို့နှစ်ယောက်လည်းစာမေးပွဲတွေနီးလို့ . . ကိုယ်စာကိုယ်နပန်းလုံးနေရတဲ့အချိန် . .
တစ်နေ့ ကျွန်တော်မြို့ထဲမှာ ကျူရှင်အိမ်ကအပြန် . . . လမ်းမှာ . . .
' ဟဲ့ . . ဘယ်လဲ . . '
' အာ . . သီရိ . . အိမ်ပြန်မလို့ဟ . . မတွေ့တာကြာပြီနော် '
' ငါ ဖုန်းဆက်သားပဲ . . နင့် ဖုန်းကအပိတ်ခံထားတာကို . . ဟိုနေ့က
နင့်အကိုနဲ့တွေ့တုန်းကတောင် ငါ နင့်ကိုမေးလိုက်သေးတယ် . .
နင်အိမ်ပြန်မအိပ်တာကြာပြီဆို . . တစ်ခါတစ်လေမှပြန်လာတယ်ဆို . .
ဘယ်သွားနေတာလဲဟာ . . ငါ့ဆီတောင်ဖုန်းမဆက်ဘူး . . . '
' အမယ် . . စိတ်ပူတယ်ပေါ့ . . . ငါစာမေးပွဲနီးပြီလေဟာ . . .
အဲဒါလုပ်နေလို့ . . . ငါ့သူငယ်ချင်းအိမ်မှာပါ . . ငါ့ဖုန်းက အပိတ်ခံထားရလို့ပါဟာ . . . နင်ကလည်း '
' အေး ပူတယ်အေ . . ဘာဖြစ်လည်း . . ငါ့မှာ နင်တစ်ယောက်တည်းပူစရာရှိတာ . .
အဆက်အသွယ်မရတော့ပူတာပေါ့ဟ '

‘ အေးပါဟာ . . . နေပူတယ် . . နင်အားလား . . တစ်ဆိုင်ဆိုင်းသွားရအောင် ’
‘ အားပါတယ် . . သွားလေ . . . အခု ဝပ်ရှော့ကပြန်လာတာ . .
ငါ့ကား အင်ဂျင်မကောင်းလို့ . . အင်ဂျင်ချရမယ်တဲ့ . . အဲဒါအစ်မကို
သွားပြောမလို့ . . ’
‘ ဒါဆို . . အတော်ပဲ . . ငါလည်းအိမ်ပြန်ပြီး ကားသွားယူလိုက်မယ်လေ . .
နင့်ကားအိမ်မှာထားခဲ့ . . ငါ့ကားနဲ့သွားမယ် . . . နင့်အစ်မကို . .
အကျိုးအကြောင်းပြောပြီးရင် . . ပြန်ဆင်းလာခဲ့ . . ငါအောက်မှာစောင့်နေမယ် ’
‘ အေး . ဒါဆို ကားပေါ်တက် သွားမယ်လေ ’
အဲဒါနဲ့ . . ကျွန်တော်တို့အိမ်ကိုရောက်သွားရောဗျာ . .
ကျွန်တော်လည်းကားပြန်ယူ . . အဝတ်အစားလဲ . .
အစ်ကို ကိုမတွေ့တာနဲ့ . . ဖုန်းဆက် . . . ပြီး မှာစရာရှိတာမှာပြီးကျွန်တော်အောက်ကိုဆင်းလာတယ် . .
သူလည်းခဏကြာတော့ဆင်းလာတယ် . . ပြီးတော့ . .
တာမွေကဆိုင်တစ်ဆိုင် ကိုသွားကြတယ်ဗျာ . . .
ဆိုင်ထဲရောက်တော့ . . အခန်းတစ်ခန်းကိုယူလိုက်တယ် . .
သီးသန့်ခန်း . . . အခန်းထဲရောက်တော့ . .
‘ နင် ထမင်းစားပြီးပြီလား . . ’
‘ ဘယ်စားရအုံးမလဲဟာ . . . နင်ကျွေးမလို့လား ’
‘ ကျွေးပါတယ်ဟာ . . နင်း စားချင်တာငါကျွေးမယ် ’
အဲဒီစကားပြောပြီး . . သူဘာကိုသတိရသွားတယ်မသိ . . .
မျက်နှာလေးအောက်ကိုငုံ့ပြီး စားသောက်စရာစာရင်းစာအုပ်ကိုပဲကြည့်နေတယ် . . .
ပြီး . .
‘ နင်ဘာစားမှာလဲ ’
မျက်နှာကိုအောက်ကို ငုံ့ထားတုန်း . . .
‘ နင် ကြိုက်တာမှာပါ . . . ငါ အကုန်စားတယ် ’
သူလည်း စားစရာသောက်စရာတွေမှာလိုက်တယ် . . .
စားပွဲထိုးလည်း မှာတာတွေရေးမှတ်ပြီး . . အခန်းတံခါးပြန်ပိတ်သွားတယ် . .
အဲဒီတော့မှ ကျွန်တော်က သူ့ဘေးနားသွားထိုင်ပြီး . .
‘ သီရိ . . မော့ပါအုန်းဟာ . . နင်ကလည်း . . ဘာဖြစ်နေတာလည်း . .
ငါစားချင်တာ အကုန်နင်ကျွေးမှာလား . . . တကယ်လား ’
‘ ကောင်စုတ် . . ငါ ထင်တယ် . . . ဟွန့် . . လူလည် ’
လို့ပြောပြီး သူ့လက်သီးလေးနဲ့ . . ကျွန်တော်ရင်ဘက်ကို ဖွဖွလေးထုတယ် . . . အဲဒီအချိန် . . ကျွန်တော်လည်း
သူ့လက်သီးလေးကို . .
ကိုင်ပြီးသူ့ကိုဖက်လိုက်တယ် . . . သူကတော့ ကျွန်တော်ရင်ခွင်ထဲကိုမှီလို့ . .
သူ့ရေမွှေးနံ့လေးကလည်းသင်းလို့ . . ဆံပင်ကလည်းခေါင်းလျှော်ရည်နံ့လေးကမွှေးနေတယ် . . .
သူနဲ့ကျွန်တော် ဘာစကားမှမပြောဖြစ်တော့ဘဲ . . အဲဒီလိုဖက်ပြီးနေနေလိုက်တာ
စားပွဲထိုး မှာထားတဲ့အစားအစာတွေလာချပေးတဲ့အချိန်ထိပဲ . . .
စားပွဲထိုးပြန်ထွက်သွားချိန်မှာတော့ သူကကျွန်တော်ရင်ခွင်ထဲကထပြီး . .
‘ နင် ငါးမစားမှန်းငါသိတယ် . . . ဘာလို့လဲဆိုတော့ အရိုးမနွှင်တတ်လို့ . .
ဟုတ်တယ်မလား . . ငါ နွှင်ကျွေးမယ် . . နင်စားရမယ် . . ’
‘ အေးပါ . . စားပါ့မယ် . . နင် ဝါးကျွေးမယ်ဆိုရင်တောင်စားအုန်းမှာ ’

ကျွန်တော်ကရယ်လျက်ပြောလိုက်တယ် . . . သူကလည်း
‘ အေး . . မစားလို့ကတော့သိမယ် . . တစ်ကယ်ကိုဝါးကျွေးမှာ ’
‘ စမ်းကြည့်လေ . . . ’
‘ အေးပါ . . . ’
အဲဒါနဲ့ ငါးကိုအရိုးနွှင် ပြီးကျွန်တော်ကို ခွန့်ကျွေးတယ် . . .
စားလို့သောက်လို့လည်းပြီးရော . . .
‘ ကဲ . . ပြော . . နင်ဘာလို့ ကိုယ့်အိမ်မှာကိုယ်မနေတာလဲ . .
နင့်အမားရော ပြန်မလာသေးဘူးလား . . ’
‘ အေး အမားကပြန်မလာသေးဘူး . . ကြာအုန်းမယ်လို့ပြောတယ်ဟ . .
ငါ့ သူငယ်ချင်းအိမ်မှာ စာလုပ်နေတာပါဟာ . . ခိုးချဖို့ . . . ’
‘ ခိုး ချဖို့များ ဟာ . . ငါလုပ်ပေးမယ် . . နင်အိမ်မှာနင်ပြန်နေ . . .
ငါ စိတ်ပူတယ် . . နင်ဘာဖြစ်နေမှန်းလည်းမသိဘူး . . .
ဖုန်းလည်းဆက်လို့မရဘူး . . . ငါ့ဆီတော့မဆက်ဘူး . . .
နင့် သူငယ်ချင်းဆီမှာ ဖုန်းတောင်မရှိဘူးလား ’
လို့နှုတ်ခမ်းလေးစူပြီပြောတယ် . . ကျွန်တော်လည်း . . သူ့စူနေတဲ့နှုတ်ခမ်းလေးကို . .
နမ်းလိုက်တယ်. . . ပြီး . .
‘ ရှိပါတယ်ဟာ . . . တစိမ်းဆိုတော့မကောင်းဘူးလေဟာ . . အဲဒါကြောင့်မို့လို့ပါ . .
နင် တကယ်စိတ်ပူတယ်ဆို . . အိမ်မှာပဲပြန်နေပါ့မယ်ဟာ . .
စိတ်တော်မဆိုးလိုက်ပါနဲ့ . . . ’
အဲဒီလိုပြောပြီး . . . . . . . . . . . . . . . . . . . . . . .
သူ့ကို ကျွန်တော်ဆွဲပြီးဖက်လိုက်တယ် . . .
သူလည်း ကျွန်တော့်ရင်ခွင်ထဲကိုမှီပြီးထိုင်နေတယ် . . .
( စာကြွင်း . . . ကျွန်တော် ရည်းစားအကြောင်းပြောပါမည် . . . အဲဒီအချိန်တုန်းက . . ရည်းစားနှင့် စကားများ၍ ၁ လတိတိ . .
အဆက်အသွယ်မလုပ်ပဲနေနိုင်လျှင် ပြတ်မည်ဟု . . . ပြောထားသော . .
ကာလဖြစ်ပါသည် . . နောက်တော့ . . ရည်းစားနှင့်ဇာတ်လမ်း . .
ပြောပြပါမည် . . )
ပြီးသူက . .
‘ နင့် ရည်းစားလည်း မတွေ့တော့ပါလား . . အရင်ကတော့ . .
နင်တို့နှစ်ယောက်ကို တစ်ပူးတွဲတွဲ . . . ’
‘ အေးဟ . . ကွိုင်ထားလို့ . . ပြတ်တောင်ပြတ်တော့မယ် . . . ’
‘ ဟာ . . နင်ကလည်း . . ဘာဖြစ်လို့လည်း . . ငါ့ကြောင့်လား . . ’
ဆိုပြီးမျက်နှာငယ်လေးနဲ့ကြည့်ပြီးမေးတယ်ဗျာ . .
‘ အာ . . ဘယ်ကသာ . . တစ်ခြားအကြောင်း . . နင်နဲ့မဆိုင်ပါဘူး . .
တော်တော်သူများအတွက်ပူပေး . . နင်ဘဲ ကျန်ခဲ့မှာ ’
‘ အေးပါဟာ . . . ငါ ကနင့်အတွက် . . လိုအပ်တဲ့အချိန်ဘေးမှာရှိရရင် . .
ကျေနပ်ပါပြီ . . . အမြဲတမ်းမဟုတ်ခဲ့ရင်ပေ့ါဟာ ’
အဲဒီလိုပြောပြီး . . သူငြိမ်သွားတယ် . .
ကျွန်တော်လည်းသူခံစားနေရမှန်းသိလို့ . .
‘ နင်ကတော့လေ . . မပြောတော့ပါဘူးဟာ . . ငါလည်းနင့်လိုဘဲ . .

ဘာမှဖြစ်မနေနဲ့ . . . ဟုတ်ပြီလား . . . ချစ်သီရိလေးရဲ့ '
' အင်းပါ . . . '
သူက ကျွန်တော်ရဲ့ညာဘက်တွင်ထိုင်နေတယ် . . . ကျွန်တော်က သူ့ကို . .
ညာဘက်လက်နဲ့သူ့ကိုဖက်ထားတယ် . .
ဘယ်ဘက်လက်ကသူ့လက်လေးကိုင်ထားတယ် . . . .
ခဏကြာတော့ . . သူကျွန်တော့်ကို . . ခေါင်းမော့ပြီးကြည့်တယ် . .
ဒါပေမယ့် အောက်ကပင့်ကြည့်သလိုဖြစ်နေတာပေါ့ဗျာ . .
ကျွန်တော်လည်းသူ့နံဖူးလေးကိုနမ်းလိုက်တယ် . . သူကတော့ မျက်လုံးလေးမှိတ်သွားတယ် . . .
ပြီးသူ့မေးစေ့လေးကို မတင်ပြီး . . သူ့နှုတ်ခမ်းဖျားလေးကိုနမ်းတယ် . . .
ပထမကျွန်တော်လက်လေးကို ကိုင်ထားတဲ့သူလက်တွေက . .
ကျွန်တော်ပုခုံးပေါ်ကိုတင်ပြီး . . ကျွန်တော့် ဂုတ်ပေါ်မှာချိတ်ထားတယ် . .
သူလည်းနမ်းနေတယ် . . . လျှာအချင်းချင်း စစ်ဖြစ်နေသလို . . .
လယ်ပြင်မှာ စီးချင်းထိုးသလို . . ရှုပ်နေတာပဲဗျာ . .
အဲဒီလို ရှုပ်နေတာကိုက . . မိုက်နေတာ . . သူက လျှာလေးကိုစွဲစုတ်လိုက် . .
ကျွန်တော်က စွဲစုတ်လိုက် . . သူက နှုတ်ခမ်းကိုလျက်လိုက် . .
ကျွန်တော်က သူ့နှုတ်ခမ်းလေးတွေကို စုတ်လိုက်နဲ့ . . . နမ်းနေကြတယ်ဗျာ . .
ကျွန်တော် ညာဘက်လက်ကတော့ . . သူ့အကျီအောက်ကနေ . .
သူ့နို့လေးကိုကိုင်နေတယ် . . . ဘယ်ဘက်လက်ကတော့ . .
သူ့ရဲ့ အိုးလေးကိုပွတ်ပေးနေတယ် . . .
၅ မိနစ် . . ၁၀ မိနစ်လောက်ရှိတော့မှ . . အနမ်းချင်းခွာပြီး . .
နှစ်ယောက်လုံး နှုတ်ခမ်းကိုလျှာနဲ့သတ်တယ် . . ပြီးရေသောက်ကြတယ် . .
ပြီးသူက . . .
' တော်ပြီနော် . . . စားသောက်ဆိုင်ကြီး . . မကောင်းဘူး . . လူတွေမြင်သွားရင် . . . '
' အေး ပါဟာ . . နင့်သဘောပါ . . '
' ကောင်စုတ်. . လူလည်ကျပြန်ပြီ . . ငါ့သဘောတဲ့ . . . စားသောက်ဆိုင်ကျမကောင်းပါဘူးဟာ . .
တွေ့သွားရင် မကောင်းဘူး . . နော် . . နင်ကလည်း '
' အေးပါ . . ငါလည်းနောက်တာကို . . နင်ကလည်းဖြစ်နေတာ . . '
' သိဘူးလေ . . နင်က စိတ်ဆိုးသွားတာလားလို့ . . . '
' မဆိုးပါဘူးဟာ . . . ဟုတ်ပြီလား . . ဖက်လို့တော့ရတယ်မလား '
' အင်း . . '
' ဒါဆိုဖက်ထားမယ် . . '
အဲဒီလိုလည်းပြောလိုက်ရော . . သူက ကျွန်တော်ညာဘက်လက်ကို . . ဆွဲမပြီး . . .
သူ့ညာဘက်ပုခုံးကိုကျော်ပြီးချလိုက်တယ် . . ပြီးကျွန်တော်ကိုယ်ထဲကို . .
မှီပြီးထိုင်နေတယ် . .
ခဏနေတော့ သူအိပ်ပျော်နေတယ် . . ကျွန်တော်လည်း . .
သူ့မျက်နှာလေးကို သေချာကြည့်တယ် . . . ပြီး နဖုံးပေါ်ကကျနေတဲ့ . .
ဆံပင်လေးတွေကို ဖယ်ပြီးတစ်ချက်နမ်းလိုက်တယ် . . . ပြီး . .
ငြိမ်ငြိမ်လေးထိုင်နေတယ် . . သူ့လက်လေးကိုတော့ကိုင်ထားတာပေါ့ . .
မိနစ် ၂၀ လောက်ကြာတော့ သူအိပ်ချင်မူးတူးလေးနဲ့ထလာတယ် . .
' ဟယ် . . မနိုးဘူး . . . နင်ညောင်းနေမှာပေါ့ . . ငါအိပ်နေတော့ '

‘ မညောင်းပါဘူးဟာ . . ငါကပျော်တောင်နေသေး . . ’
‘ ဘာလို့ပျော် ’
‘ နင် ငါ့အပေါ်မှာအိပ်နေတာကို . . ပြီးတော့ နင့်ရဲ့ အိပ်ချင်မူးတူးရုပ်လေးလည်း . . မြင်ရတယ်လေ . . ’
‘ အဲ . . ကြည့် အကျင့်ယုတ် . . ’
‘ အောင်မလေး . . မယုတ်ရပါဘူးဟာ . . နင့်အပေါ် . . ငါဒီလောက်ချစ်တာကို . . တကယ် . . နင်အိပ်နေတာ ကြည့်လို့ကောင်းလို့ . . ပြီး ငါအဲဒီလိုအေးဆေးနေချင်တယ် . . နင်နဲ့ . . အခုလိုမျိုးပေ့ါ . . အရင်တုန်းကလို . . အပြေးအလွှားမဟုတ်တော့ဘူးပေ့ါ . . အဲဒါကြောင့်ပါ . . . ’
‘ အေးပါဟာ . . လာ ပြန်မယ် . . . နင်အိမ်လိုက်ခဲ့မယ် . . . နင်စာတွေငါ့ကိုပြောပြ . . ငါပါကူလုပ်ပေးမယ် . . နင့်စာမေးပွဲအတွက် . . ငါနဲ့က နောက်အချိန်တွေရှိတယ် . . နော် . . ’
‘ အေးပါ ’
အဲဒီလိုနဲ့ ကျသင့်ငွေရှင်းပြီး ကျွန်တော်အိမ်ကိုပြန်ခဲ့တယ် . . .
အိမ်ရောက်တော့ . . ဧည့်ခန်းမှာ စာတွေပြောပြ . .
ဘာဂျာ . ခေါက်နည်း . . ဘာတို့ ညာတို့ပေ့ါဗျာ . . . သူ့ကိုပြောပြတယ် . .
အဲဒီအချိန်အစ်ကိုပြန်လာရော . . သူကလည်း . . စာမေးပွဲအတွက်လားတဲ့ . . ဟုတ်တယ်လို့ဖြေလိုက်တယ် . . သူက . . . ငါ့ညီတို့များ နိုပ်သဟဆိုပြီး . . သူ့အခန်းထဲဝင်သွားတယ် . . ကျွန်တော်နဲ့သူလည်း . .
စာအကြောင်းပြောရင် . . ညနေ ၆ နာရီလောက်ကျသူ့အိမ်ပြန်သွားတယ် . .
ညကျတော့ အိမ်ဖုန်းကိုလှမ်းဆက်တယ် . . . ၂ နာရီလောက်ဖုန်းပြောဖြစ်ကြတယ် . .
အဲဒီနေ့ကစပြီး . . ကျွန်တော် ညဘက်သိပ်မထွက်ဖြစ်တော့ဘူး . . .
အပိုင်း - ၆ ။

ဒီလိုနဲ့ ကျွန်တော့်ရဲ့စားမေးပွဲကြီးနဲ့တဖြည်းဖြည်းနီးလာပြီ . .
ကျွန်တော်လည်း . . စာမေးပွဲအတွက်နပန်းလုံးနေ . . . သီရိလည်း . .
ကျွန်တော့်အတွက် စာမေးပွဲအဆင်ပြေအောင် . . ကူလုပ်ပေးနေတယ် . .
ကျွန်တော်အိပ်ရေးပျက်သလို . . သူလည်းအိပ်ရေးပျက်တယ် . . .
ကျွန်တော်က ကိုယ်ကိစ္စ ကိုဆိုသလိုမို့ ပင်ပန်းတာမညီးညူနိုင်ပင်မယ့် . .
သီရိခဗျာ . . ကျွန်တော့်အတွက်နဲ့ ပင်ပန်းနေရရှာတယ် . .
အရင်က မျက်လုံးဝိုင်းဝိုင်း . . ပါးဖောင်းဖောင်းလေး . . မျက်နှာပြည့်ပြည့် . .
အရမ်းချစ်စရာကောင်းတဲ့သီရိလေးဟာတော့ . . . အခုတော့ . .
ကျွန်တော်ကိစ္စတွေကြောင့် . . မျက်တွင်းလေးတွေလည်းကျ . . .
ပါးလေးတောင်သိပ်မဖောင်းနိုင်ရှာတော့ပါဘူး . . . ဒါပေမယ့် . .
သူပျော်နေတယ် . . . သူအရမ်းတက်ကြွနေတယ် . . . ကျွန်တော့်အတွက် . .
ပင်ပန်းတယ်ဆိုတောင်သူမသိရှာဘူး . . အရင်က အိမ်မှာအေးအေးနေတဲ့ . .
သီရိတစ်ယောက် . . အခုတော့ . . ကျွန်တော့်အတွက် . . နေ့ဆိုရင်လည်း . .
အားရှိအောင်ဆိုပြီး ကြက်သားစွပ်ပြုတ် . . ( ကျွန်တော်ကြက်သားမစားပါ . .
သို့သော် သီရိ တိုက်သောကြက်သားစွပ်ပြုတ်တော့သောက်ခဲ့သည် )

ငါးဆိုရင်လည်း . . အရိုးလုံးဝမပါအောင်သေချာကို နွှင်ပေးတယ် . . .
အဲဒီလို ကျွန်တော်အနားမှာထိုင်ပြီး . . ကျွန်တော်စားဖို့လုပ်ပေးနေတာကြည့်ပြီး . .
ကျွန်တော်အရမ်းခံစားရတယ်ဗျာ . . . သူ အဖြစ်အပျက်တွေ . . .
အမှန်တရားတွေ . . . အသိုင်းအဝိုင်းကအပြောအဆိုတွေ . . .
သူသိများသိခဲ့ရင် . . ဘယ်လောက်ခံစားရလိုက်မလဲ . . အခုလိုရော . .
သူပျော်ရွှင်နိုင်ပါအုံးမလား . . . သူ ကျွန်တော့်ကို မုန်းသွားမလား . .
ကာဆီးနေတဲ့ အမုန်းတရား . . . ဖြစ်တည်နေတဲ့အမုန်တရား . .
ဒီလိုအကြောင်းတရားတွေကာဆီးနေတာ . . သီရိ မသိခဲ့တာအမှန် . . .
ကျွန်တော်လည်း ဘယ်လိုမှ . . ပြောမထွက်ခဲ့ဘူးဗျာ . . . သူပျော်ရင် . .
ကျွန်တော်ပျော်တယ် . . သူစိတ်ညစ်ရင် . . ကျွန်တော်လည်းစိတ်ညစ်တယ် . .
ဟုး . . . . ဘဝဆိုတာ . . ဒီလိုပါပဲလား ။။။
ဒီလိုနဲ့ ကျွန်တော်စာမေးပွဲဖြေတဲ့နေ့ကိုရောက်လို့လာခဲ့ပြီ . . .
မေဂျာ . . ၅ ဘာသာနဲ့ . . မိုင်နာ ၂ ဘာသာ . . .
သူ့ကျွန်တော်စာမေးပွဲဖြေတိုင်း ကျောင်းကိုလိုက်တယ် . . .
ပြီး ကျွန်တော်စာမေးပွဲဖြေနေတုန်းဆို . . ကျွန်တော်စာမေးပွဲဖြေနိုင်အောင်ဆိုပြီး . .
ပုတီးထိုင်စိတ်နေတယ် . . ဆုတောင်းပေးနေတယ် . . .
အော် သီရိရယ် . . . နင်ဒီလောက်တောင်ငါ့ကိုချစ်ရသလား . . .
နင်အဲဒီလောက်ငါ့ကိုဂရုမစိုက်ပါနဲ့ဟာ . . ငါအရမ်းခံစားရတယ် . . .
အဲဒီလိုကျွန်တော်စိတ်ထဲမှာတွေးမိတယ် . . .
စာမေးပွဲဖြေပြီးလို့ အိမ်ပြန်ရောက်ရင်လည်း . . . ကျွန်တော်စားဖို့ . .
ကျွန်တော်စာမေးပွဲဖြေရင်ယူသွားဖို့ . . အကုန်လုံးသူအဆင်သင့်လုပ်ပေးထားတယ် . . . .
ဒီလိုနဲ့ . ကျွန်တော်စာမေးပွဲပြီးဆုံးခဲ့ပြီ . . . သူအနီးကပ်တွေတက်ရပြီ . .
သူအနီးကပ် ၁၀ ရက်ကျောင်းတက်တုန်း . . တစ်နေ့
' ငါ နင့်ကိုပြောစရာရှိတယ်ဟာ . . . ပြောရင်ကောင်းမလား . . မပြောကောင်းမလား . .
စဉ်းစားနေတာ . . . '
' ပြောပါဟာ . . နင်ကလည်း . . ငါဘာလုပ်ပေးရမလဲ '
' နင်လုပ်ပေးချင်မှလုပ်ပေးပါဟာ . . ငါ အနီးကပ်ကျောင်းသွားတတ်ရင် . .
နင့်ကိုလိုက်စေချင်တယ် . . လိုက်ပေးနိုင်မလား '
ကျွန်တော် . . သီရိကို တကယ်သနားတယ် . . အရမ်းချစ်တယ် . . .
ကျွန်တော်စာမေးပွဲတုန်းက မညီးမငြူသူလိုလေးသေးမရှိအောင်လုပ်ပေးတယ် . .
အခု . . သူစာမေးပွဲဖြေတော့မယ် . . . ကျွန်တော် ဆုံးဖြတ်လိုက်တယ် . .
' အေးပါ . . ငါလိုက်မှာပါ . . နင်မခေါ်လည်း . . မခေါ်ချင်ဘူးထင်လို့ '
' နင်တကယ်နော် . . တကယ်လိုက်မှာနော် '
ကလေးတစ်ယောက် . . လိုချင်တာတစ်ခုရသွားလို့ ပျော်သွားတဲ့မျက်နှာမျိုးဗျာ . . .
အရမ်းအပြစ်ကင်းတယ် . . . အရမ်းချစ်စရာကောင်းတယ် . . .
အို . . . ဒါနဲ့များ . . ကံတရားကြီးရယ် . . ဘာလို့ရက်စက်ချင်ရတာလဲ . .
ဒီလိုနဲ့ . . . သူအနီးကပ်ဆယ်ရက်ရဲ့ ကျန်တဲ့နေ့တွေအကုန် . .
ကျွန်တော်သူကျောင်းကိုလိုက်တယ် . . . သူအရမ်းပျော်နေတယ် . . .
သူဖြစ်ချင်တယ်လို့ပြောဘူးတယ် . .
' ငါ နင်နဲ့ တက္ကသိုလ်အတူတူတက်ချင်တယ်ဟာ . . '

အခုတော့ ဖြစ်နေပြီး . . ကျောင်းမတက်ရပင်မယ့် . . သူ့စာသင်တဲ့အခန်းထဲထိ . .
ကျွန်တော်လိုက်ထိုင်တယ် . . . ပြီး ထမင်းအတူစား . . . အတူပြန် . .
ပျော်စရာတွေချည်းပဲ . . သူလည်းအရမ်းပျော်နေတယ် . . . ကျွန်တော်လည်း . .
သူနဲ့နေရတဲ့အချိန်ဆိုအရမ်းပျော်တယ် . . . ကျွန်တော်သူနဲ့ . .
အမြဲတမ်း . . မခွဲတမ်းနေသွားချင်တယ်ဗျာ . . .
ဒီလိုနဲ့ စာမေးပွဲစပြီ . . . သူကိုကျွန်တော်ကျောင်းကိုလိုက်ပို့တယ် . . .
ကျွန်တော်စာမေးပွဲဖြေတုန်းကလို ကျွန်တော်သူ့ကို ပြန်စောင့်တယ် . .
သူ စာမေးပွဲဖြေပြီးပြန်လာရင် . . အပြန်မှာ . . ကန်ဘောင် . . . စိမ်းလန်းစိုပြေ . .
ကန်တော်ကြီး . . . အဲဒီလိုနေရာတွေသွားတယ် . . . သွားပြီးလမ်းလျှောက်တယ် . .
နှစ်ယောက်အတူလက်တွေတွဲလို့ . . ဘေးကလူကြည့်ရင်တော့ . .
အရမ်းပျော်နေကြတဲ့အတွဲလို့မြင်ချင်မြင်လိမ့်မယ် . . . သူလည်းပျော်နေတယ် . .
ကျွန်တော်လည်းပျော်နေတယ် . . ဒါပေမယ့် ကျွန်တော်သိနေတယ် . .
တစ်နေ့တော့ခွဲရမယ်ဆိုတာ . . ကျွန်တော်အိမ်ပြန်ရောက်တိုင်း . .
ကျွန်တော်စာတစ်စောင်ရေးထားတယ် . . . သူ့ကိုပေးဖို့အတွက် . . .
နောက်ဆုံးနေ့ကျရင် . . . ဒီလိုနဲ့ ကျွန်တော်မရောက်ချင်နဲ့နောက်ဆုံးနေ့ကို ရောက်လာခဲ့ပြီဗျာ . .
အရင်နေ့တွေလိုပါပဲ . . ကျွန်တော်လိုက်ပို့တယ် . . . ပြီးစောင့်နေတယ် . .
သူက ပြောခဲ့တယ်လေ . . ဒီနေ့လျှောက်လည်မယ်လို့ . . .
သူစာမေးပွဲခန်းထဲကထွက်လာပြီ . . . မျက်နှာကပြုံးပျော်လို့ . . .
လှလိုက်တာဗျာ . . . မြန်မာအကျီရင်ဖုံးလေး . . ပြီး ချိတ်ထမီပန်းရောင်လေး . . .
ဆံပင်လေးကိုလည်း ကျစ်ဆံမြီးကျစ်ထားတယ် . . . အရမ်းကိုလှတယ်ဗျာ . .
မျက်နှာလေးကလည်း ချစ်စရာအရမ်းကောင်းတယ် . . သူ အခန်းထဲကထွက်လာပြီ . .
ကျွန်တော်ဆီကိုလျှောက်လာနေပြီ . . .
‘ သွားမယ် . . . ကန်ဘောင်ကို သွားမယ် . . ဘူးသီးကြော်စားမယ် . .
စိမ်းလန်းစိုပြေမှာ ကော်ဖီသောက်မယ် . . ရန်ကင်းစင်တာသွားမယ် . .
နင့်အတွက်အကျီဝယ်ပေးမယ် . . . ပြီးရင် . . . ကြေးအိုးသွားသောက်မယ် . .
ကောင်းလား ငါ့အစီအစဉ် ’
‘ အကောင်းဆုံးပေါ့ဟာ . . . နင့်သဘောအတိုင်းပါဗျာ . . ’
ကျွန်တော်ရင်ထဲက ခံစားချက်တွေကိုဖုံးကွယ်ပြီး အရယ်ချင်ပဲရယ်ပြီးပြောခဲ့တယ် . .
ပထမ ကန်ဘောင်သွားတယ်ဗျာ . . ဘူးသီးကြော်စားတယ် . . .
နောက် စိမ်းလန်းစိုပြေ သွားတယ် . . . လက်တွဲပြီးလမ်းလျှောက်တယ် . .
ကော်ဖီသောက်တယ် . . . ဓါတ်ပုံရိုက်တယ် . .
ကန်စပ်ကခုံလေးပေါ်မှာထိုင်တယ် . .
သူကိုကျွန်တော်ဖက်ထားပြီး သူကကျွန်တော့်လက်ကိုကိုင်ပြီး . .
ကျွန်တော်ကိုမှီပြီးထိုင်တယ် . . . ပြီး ရန်ကင်းစင်တာသွားတယ် . . .
ကျွန်တော်ကို ရှပ်အကျီဝယ်ပေးတယ် ( ဆိုင်နဲ့ တံဆိပ်တော့မထည့်တော့ပါ )
ပြီး ဝိုင်ကေကေအိုမှာ ကြေးအိုးသောက်တယ် . . . အကင်စားတယ် . . .
ပြီးပြန်လာခဲ့ကြတာပေါ့ဗျာ . . ပျော်လို့ရွှင်လို့ . . .
ဒီလိုနဲ့ကသူ့ အိမ်အောက်ကိုရောက်ပြီး . . သူက
‘ ငါ သွားတော့မယ် . . ’
‘ အေး . . ခဏဟ . . . နင်ကို ဒီနေ့ရိုက်ပေးတဲ့ပုံကို . . ငါနင့်ကိုမပေးတော့ဘူးနော် . .

ငါ့ပဲယူလိုက်တော့မယ် . . . ရော့ . . အပေါ်ရောက်မှဖတ်နော် . .
သေချာဖတ်နော် . . . '
' ဟင် . . ဘာစာလည်း '
' ဖတ်ကြည့်ပါဟာ . . ငါ့ကို တကယ်ချစ်ရင် . . မျက်ရည်လုံးဝမကျပါနဲ့ . .
မျက်ရည်ဆိုတာငါမုန်းတယ် . . . ငါအမုန်းဆုံးမျက်ရည်ကို . . ငါအချစ်ဆုံး
နင်ကျတာမတွေ့ချင်လို့ . . '
' အေးပါဟာ . . နင်ဘာတွေပြောနေမှန်းမသိဘူး . . နင့်သဘောဘဲ . .
ဒါဆိုငါသွားတော့မယ် . . . တာ့တာ '
' အင်း . . ခဏ . . လာအုံး '
သူနှုတ်ခမ်းလေးကိုနမ်းလိုက်တယ် . . သူကလည်းပြန်နမ်းတယ် . .
နှုတ်ဆက်အနမ်းဆိုတာသူမသိရှာဘူး . . ကျွန်တော်ကို ပြုံးပြီးကြည့်တယ် . . .
' အရမ်းချစ်တယ် '
' ငါလည်းအရမ်းချစ်တယ် '
ကျွန်တော်သူ့ကို ကျောခိုင်းပြီးထွက်ခွာခဲ့ပြီ . . . .
ရင်ထဲကဒဏ်ရာ . . မင်းကိုမမြင်စေချင်ဘူး . . .
ငါ့အရမ်းချစ်တယ်ဆိုတဲ့စကား . . မင်းဆီမှာပဲ ကုန်ဆုံးခဲ့ပြီ . . .

' သီရိ နင့်ကိုငါအရမ်းချစ်တယ် '

အပိုင်း - ၇ ။

သီရိ . . .

ငါ့ဘဝမှာ ၇ ဆိုတဲ့နံပါတ်ကအကျိုးမပေးဘူး . . သူများတွေကတော့ . .
လပ်ကီး ၇ လို့ပြောကြတယ် . . ငါ့အတွက် ၇ ကတော့ တစ်ကယ်အကျိုးမပေးဘူး . . .
ဒီနေ့လည်း . . ၇ ရက်နေ့ . . . ငါမပြောချင်ဆုံးစကားပြောရတော့မယ် . .
နင်နဲ့ငါ လက်တွဲလို့မဖြစ်ဘူးဟာ . . . ငါဘယ်လိုမှ ပါးစပ်ကပြောမထွက်ဘူး . . .
ဒါကြောင့်ဒီစာကိုငါရေးပြီးပေးရတာ . . . နင်စာဖတ်ပြီးရင်လည်း . .
ငါ့ဆီဖုန်းမဆက်ပါနဲ့ဟာ . . ငါလည်းနင်ခံစားနေရသလိုခံစားနေရတယ်ဆိုတာနားလည်ပေးပါဟာ . . .
ငါလည်းနင့်ကို အရမ်းချစ်တယ် . . . မခွဲချင်ဘူး . . ဒါပေမယ်သီရိရယ် . .
ငါ့တို့မှာ မိဘတွေရှိသေးတယ် . . ငါ့တို့မိဘတွေ သဘောတူလို့လား . . .
ပထမတစ်ခါဝေးခဲ့ရတယ် . . အခုလည်း . . ငါမဝေးချင်တော့ဘူး . .
ဒါပေမယ့် . . ငါတို့နှစ်ယောက်ချစ်တာ . . မိုးလောက်ကြီးချစ်တယ်ထားအုံး . .
ငါ့တို့နှစ်ယောက်ရဲ့မိဘတွေရဲ့ အမုန်း . . အငြိုး . . ယှဉ်ပြိုင်မှုက . .
ဒီထက်ပိုပြင်းထန်တယ်ဆိုတာ နင်ရော . . ငါရောသိတယ် . . .
ဘယ်လိုမဖြစ်နိုင်တော့တဲ့ နင်နဲ့ငါ ချစ်ခဲ့တာကို . . ငါ့ရင်ထဲမှာထာဝစဉ်
သော့ခတ်သိမ်းထားမှာပါဟာ . . .
ငါ ဒီစာကိုရေးနေတဲ့အချိန်မှာ . . ငါသာ မိန်းကလေးဆိုရင် . . ခံနိုင်မှာမဟုတ်ဘူး . .

ဒီစာကိုဖတ်ပြီးနင်ငိုချင်သလောက်ငိုပါ. . . . ငါ့ကိုမုန်းချင်လည်းမုန်းလိုက်ပါဟာ . . .
ဒါပေမယ့် . . နောက်ဘယ်တော့မှ မျက်ရည်မကျပါနဲ့ . . ဒီအကြောင်းကြောင့် . .
ငါ အချစ်ဆုံးနင်နဲ့ . . ငါအမုန်းဆုံးမျက်ရည်တွေ အတူတွဲပြီးမမြင်ရပါစေနဲ့ဟာ . . .
နင်အေးအေးချမ်းချမ်းဖြစ်သွားပြီလို့ငါထင်တဲ့တစ်နေ့ နင့်ကိုငါပြန်ဆက်သွယ်မယ် သီရိ . . .
ငါတို့ သူငယ်ချင်းလိုပဲနေတော့မယ် . . အဲဒီကျရင် . . အရင်ကအကြောင်းတွေကို ရင်ထဲမှာပဲသိမ်းထားပြီး . .
နင့်ဓါတ်ပုံကိုငါလိုချင်လို့ . . ရိုက်ထားတဲ့ဓါတ်ပုံငါယူသွားတယ်ဟာ . .
ငါ့ဓါတ်ပုံလည်း နင်လိုချင်လိမ့်မယ်ထင်လို့တစ်ခါတည်းထည့်ပေးထားတယ် . .
နင်ကိုယ်တိုင်ရိုက်ပေးခဲ့တဲ့ဓါတ်ပုံပဲ . . . နင်မလိုချင်တော့ရင် ငါ့အိမ်ကိုသွားပေးလိုက်ပါဟာ . . .
ငါ့ ရင်ထဲမှာ နင် အမြဲတမ်းရှိနေတယ် . . . ငါနင့်ကို အရင်ထဲက . .
အခုထိ မပြောင်းလဲတဲ့တစ်ခုသော စကားတစ်ခွန်းပြောခဲ့မယ်ဟာ . .

‘ သီရိ . . နင့်ကိုငါ အရမ်းချစ်တယ် ’

သီရိ နင့်ကိုအရမ်းချစ်ခဲ့တဲ့
၄၄၄၄၄၄၄၄

ပြီးပါပြီ . . .
-------------------------------------
ဝတ္ထုမဟုတ် . . ကျွန်တော်ကိုယ်တိုင်ခံစားခဲ့ရသည်များကို ပြန်လည်ပြောပြချင်းဖြစ်ပါသည်. . .
( စာမှာလည်း မူရင်းစာကို နာမ်းစားလွဲထားခြင်းသာဖြစ်သည် )
သီရိ လို့နာမ်စားသုံးထားတဲ့ . . . ၄၄၄ရယ် . . နင်သိနိုင်ရင် . .
ငါ့ရင်ထဲမှာနင်ရှိသေးတယ်ဆိုတာပြောချင်တယ် . . အချစ်ဆုံးကနင်တစ်ယောက်ထဲပါပဲ . . .
ငါနင့်ကို ချစ်နေတုန်းပဲ . .

သရဲနက် . .
အသက်ကငယ်သေး . . ရည်းစားကများသလို . . .
အတွေ့အကြုံကများခဲ့တော့ ကျွန်တော့်အတွေ့အကြုံများကို . .
ကိုကျူးပစ်တို့အတွက် မျှဝေလိုက်ပါတယ် . . .
အကုန်လုံး ကိုယ်ရေးအဖြစ်အပျက် များသာဖြစ်ကြောင်း . .
--------------------------------------------
ယောကျ်ားလေးတွေကို ကစားစရာအဖြစ်သဘောထားတတ်သော . .
ခပ်ပေါ့ပေါ့မိန်းကလေးများအကြောင်း . . .

ကျွန်တော် သီရိနဲ့ ကြေကွဲခြင်းများစွာကို သယ်ဆောင်ပြီး . .
ကျွန်တော် --- မြို့ကို ထွက်ခဲ့တယ်ဗျာ . . . တစ်ပါတ်လောက် . .
ကြာပြီး . . ကျွန်တော် ရန်ကုန်ကို ပြန်လာခဲ့တယ် . . . အပြန်ခရီးကားပေါ်တွင် . . .

‘ ဟိုဘက်က . . . အဲဒါ ကျွန်မ ခုံရှင့် . . ရှင် နေရာမှားနေတယ် ’
‘ အမ် . . . ဘယ်လိုလုပ်ဖြစ်နိုင်မှာလည်း . . ဒီမှာ လက်မှတ်ကခုံနံပါတ်အတိုင်း . .
ထိုင်နေတာ . . . ခင်ဗျား မှားနေတာနော် ’
‘ အဲ . . စွာလိုက်တာ . . မိန်းမကျနေတာပဲ . . . ဒီမှာ . . ဒီမှာ ကျွန်မလက်မှတ် . . . ကြည့် ’
‘ မိန်းမကျတော့ဘာဖြစ်လည်း . . ခင်ဗျားနဲ့ဆိုင်လို့လားဗျာ . .
လက်မှတ် . . ဟုတ်လား . . မကြည့်ပါဘူး . . ဘာလို့ကြည့်ရမှာလည်း . .
တောင်းတိုင်းပေး . . ခိုင်းတိုင်းကြည့်ရင် ခွေးတောင်မလေးစားဘူး ’
‘ အာ . . ရှင် . . . ’
‘ ဘာမှမလုပ်ရသေးဘူးနော် . . အကျယ်ကြီးမအော်နဲ့ . . တော်ကြာ . .
ကားပေါ်ကလူတွေတစ်မျိုးထင်နေမယ် ’
‘ ဘာရှင့် . . . ’
‘ အောင်မလေး . . . ငါးစိမ်းသည်တောင် ခင်ဗျားလောက် အသံမကောင်းဘူး . .
ဖြည်းဖြည်းပြောပါ . . နားကအကောင်းကြီး ’
‘ အာ . . ဘုဆတ်ဆတ်နဲ့ . . . စကားပြောရတာ . . ’
‘ ကျွန်တော်က စကားပြောပါလို့ပြောမိလို့လား . . . ခင်ဗျားအရင်စပြောပြီးတော့ ’
အဲဒါကတော့ ကျွန်တော်အပြန် ကားပေါ်တွင်ဖြစ်ပျက်ခဲ့ခြင်း . . .
ကောင်မလေးတစ်ယောက် . . . မပိန်မပါး . . သင့်တင့်သောကိုယ်လုံး . .
ရှည်ပြီးသွယ်နေသောမျက်နှာအကျ . . . ကားနေသော နားရွက်လေး . . .
ဖြူနေသောအသား . . . မှေးနေသောမျက်လုံး . . ဝတ်ထားသော တီရှပ်နဲ့ . .
ဖက်တင်အနက် . . အားလုံးကိုပေါင်းဆပ်လိုက်တော့ . . .
ခပ်ဆတ်ဆတ် . . ခပ်စွာစွာ . . ကြည့်လို့ကောင်းတဲ့ရှမ်းတရုတ်မလေးတစ်ယောက် . . . . . . . . . . . . . .
သူ့ကားအောက်ကိုပြန်ဆင်းသွားတယ် . . . ပြီး အဲဒီ ခရီးသည်တင်ကားရဲ့ . .
မန်နေဂျာထင်တယ်တက်လာတယ် . . . ဘာသွားပြောတယ်မသိ . . .
မန်နေဂျာဆိုတာလည်း အဲဒီကောင်မလေးနဲ့တွေ့နေတုန်းကသွားတွေဖြီးလို့ . .
နွားပွဲစားတောင်ထင်ရတယ် . . ကျွန်တော်ထိုင်နေတဲ့ခုံနားကိုရောက်လာပြီး . .
‘ ညီလေး . . . အဲဒါ သူ့နေရာကွာ . . ညီလေး ခုံလက်မှတ်လေးခဏလောက် ’
‘ ဗျာ . . ကျွန်တော့်ခုံလက်မှတ် . . ဟုတ်လား . . .
မနက်က ------ ကလာပြီး . . . ကားခုံနံပါတ်ရွေးသွားတာ . . . မှတ်မိလား . . ’
‘ အဲ . . ဟုတ်လား . . မသိလို့ဗျာ . . တောင်းပန်ပါတယ် . . ’
‘ ညီမလေး အကိုတို့ မှားသွားလို့ . . ဒီဘက်မှာထိုင်လည်းရပါတယ် . .
အကိုတို့ ကားကခုန်တွေအားလုံးကောင်းပါ . . . ’
‘ ရှင်တို့က . . ကဲကဲ မပြောတော့ဘူး . . ထားလိုက်တော့ . . . မပြောတော့ဘူး . .
သူ့ဘေးကခုံဟုတ်လား . . ’
‘ ဟုတ်ကဲ့ . . ဟုတ်ကဲ့ . . ဒီနေရာမှာပါဗျာ . . တောင်းပန်ပါတယ် . .
ညီလေးကိုရော . . ဒီကညီမလေးကိုရော . . အားပေးတာလည်းကျေးဇူးတင်ပါတယ် . . ’
အဲဒါပြောပြီး မန်နေဂျာပြန်ဆင်းသွားတယ် . . . သူကတော့ . .
သူ့အထုပ်ကို မနိုင်မနင်းမရင်း . . ပစ္စည်းတင်တဲ့အပေါ်တန်းကို မနေတယ် . . .
ကျွန်တော်လည်းမနေသာတော့ဘဲ . . .
‘ ကဲဗျာ . . ဒီကအမိ . . . ’
‘ အာ . . အမိ မဟုတ်ဘူး . . . နာမည်ရှိတယ် . . ’

‘ အမိကနာမည်ပြောလေဗျာ . . ဒါဆို . . ’
‘ ဘာလို့ပြောရမှာလည်း . . ဒီလိုချည်းပဲ . . . ယောကျ်ားတွေက ’
‘ ဘာ . . နေတော့ ’
ကျွန်တော်လည်း ပြန်ထိုင်နေလိုက်တယ် . . အစကတော့ကူညီမလို့ . .
သူ့ခုနကပြောခဲ့တဲ့စကားကြောင့်ပြန်ထိုင်နေလိုက်တယ် . . .
သူလည်း သူ့ရဲ့အထုတ်ကို မတင်နေတုန်း . . .
နောက်တော့လည်း . . ကြည့်လို့မကောင်းတာနဲ့ . .
‘ ပေးဗျာ . . . မမှီမကန်းနဲ့ . . ’
သူ့ကို ပြောလိုက်တယ် . . . ပြီး
‘ ဝင် . . ဟိုဘက်မှာထိုင် . . ဒီဘက်ကအပြင်ရောက်နေတယ် . . .
ခင်ဗျား နေရာဆိုတော့ ဖယ်ပေးတာ . . . ’
အဲလိုပြောပြီး . . ကျွန်တော်လည်း . . အမ်ပီ၃ ကိုနားမှာတပ်ထားလိုက်တော့တယ် . .
လူကလှချင်တယ် . . . စကားကဘုဘောက် . . .
ဒီလိုနဲ့ကားစီးလာလိုက်တာ . . ညနေစာစားချိန်ကားရပ်တယ်ဗျာ . .
အဲဒီတော့ ကျွန်တော်လည်း . . အရင်ဆင်းသွားတယ် . . .
သူဘယ်လိုနေလဲဆိုတာတော့မကြည့်တော့ဘူး . . တောက်မြင်ကပ်လို့ . .
အဲဒါနဲ့ . . ဆိုင်ရဲ့ဘေးဘက်နည်းနည်းကျတဲ့စားပွဲမှာ ကျွန်တော်ထိုင်လိုက်တယ် . .
ခရီးသွားရာသီမဟုတ်တော့ . . . ခရီးသည်နည်းတယ် . .
တစ်စီးလုံးမှ . . . အယောက် ၂၀ လောက်ပဲပါတယ် . . .
အပ်စ်စပတ်ကားကြီးတစ်စီးမှာ . . . အင်း . . . အဲဒီလိုထင်နေတုန်း . . .
အဲဒီ ဘုဘောက်မလေးက . . ကျွန်တော့်ဘေးရောက်လာပြီး . .
‘ ထိုင်မယ်နော် . . ရမလား . . ’
‘ သဘောလေ . . ကျွန်တော်ဝယ်ထားတာမှမဟုတ်ပဲ . . ထိုင်ချင်ထိုင်ပေါ့ ’
‘ ဟုတ်ကဲ့ . . ဒါဆိုထိုင်ပြီ . . ရှင်ကဘုဘောက်နော် ’
‘ အာ . . ခင်ဗျား . . အသားလွတ်ကြီးပါလား . . အော် . . ကျွန်တော်က . .
ဘုဘောက်ဆိုခင်ဗျားက . . ဘောက်ဆက်ဗျာ . . ’
‘ ဟိ ဟိ . . . စိတ်ကလည်း လက်နှစ်သစ် . . ပြန်ပြောတယ် . . အတင်မခံဘူး ’
‘ ကျွန်တော်လက်နှစ်သစ်က ခင်ဗျားလေး ဘယ်တုန်းကတိုင်းထားတာလဲ ’
ကျွန်တော်စပြီးခွပ်ပြီး . . . ဝေးလေးကောင်းလေ . . ရှောင်လေကောင်းလေဆိုပြီး . .
အဲဒီမှ . . ခံရတော့တာပဲဗျို့ . . .
‘ ခုနက . . ကားပေါ်မှာ ခိုးတိုင်းလိုက်တာ . . . ပဲမြစ် . . ’
‘ ဘာ ’
အသံနည်းနည်းကျယ်သွားသည် . . . .
‘ အဲဒီပဲမြစ်ပဲ ခင်ဗျား စုတ်နေတာမလား . . . ကြိုက်လှချည်ရဲ့ဆိုပြီး ’
‘ နန်းက . . ပဲမြစ်ကို မစုတ်ဘူး . . ကိုက်တာ . . တကယ်အကိုက်ခံနိုင်လို့လား ’
သူ့ နာမည်တစ်လုံးထွက်လာပြီ သူ့စကားလုံးထဲမှ . . . နန်း . . . .
‘ ကိုက်ရဲရင် ကိုက်ကြည့်လေ . . . ပဲမြစ်ကြောင့် မျက်ဖြူလန်မှ . . .
ပဲမြစ်ကျေးဇူးလို့မပြောနဲ့ ’
‘ မပြောဘူး . . အံကျိတ်ခံမှာ ’
ကျွန်တော်စကားဆက်မပြောတော့ . . မှာထားတာရောက်လာတာတွေ . .

ငံ့စားနေတယ် . . သူကလည်း . . ရယ်လိုက် . . ကျွန်တော့်စားနေတာကြည့်လိုက် . . .
( တိုင်းရင်းသူများသည် . . ပွင့်လင်းသည် . . . စကားပြောပြင်းထန်သည် . .
မြို့ကစော်တွေလို ရှောင်ရှားစရာစကားမလို . . ကြုံရင်ပညာတောင်ပေးသွားသေးသည် )
ကျွန်တော် စားလို့ပြီးတော့ ဆေးလိပ်သောက်တယ် . . .
ပြီး . . ကော်ဖီမှာတယ် . . . သူလည်းလိုက်မှာတယ် . . .
သူကတော့ လိုက်နောက်နေတာ . . ကျွန်တော်မှာတော့တိုက်ဆိုင်မှုတွေ . .
ကျွန်တော်ကော်ဖီမြန်မြန်ကုန်အောင်သောက်ပြီး . . . ပိုက်ဆံရှင်းလိုက်တယ် . .
ပြီးကားပေါ်မှာထိုင်နေလိုက်တယ် . . ခဏကြာတော့ . .
အချဉ်ထုပ်ပေါင်းသောင်းခြောက်ထောင်နဲ့ . . သူတက်လာပါပြီ . .
လူက ဖရိုဖရဲ . . . ကြည့်ရတာ . . တစ်ယောက်ထဲရှုပ်နေတာပဲ . . .
အော . . . ကြည့်နေရင်းနဲ့ . . . . သူ ဘာနဲ့ငြိနေလဲမသိ . . . တစ်ခုခုတော့ငြိနေတာတော့
ကျွန်တော်လည်းသိတယ် . . . နောက်လှည့်လိုက် . . . ဘယ်လှည့်လိုက် . . .
ညာလှည့်လိုက်နဲ့ . . အဲဒီမှာ . . ပြီးတော့မှ . . . ငြိတာကပြီးသွားပြီ . .
လူ့လက်ထဲကအချဉ်ထုပ်တွေ . . ပြုတ်ကျ . . အဲဒါဘေးကအဒေါ်ကြီး . .
တစ်ယောက်က အမြင်မတော်လို့ . . ခေါင်းငုံ့အကောက်ပြီးပြန်အထ . .
သူကလည်းခေါင်းအငုံ့ . . .
‘ ခွပ် ’
‘ ဖေလိုးမတွေရဲ့ ’ . . . အဒေါ်ကြီးရဲ့ အလန့်တကြားယောင်သံနက်နက်ကြီး . . .
‘ ဘုရား ငုတ်တုတ် ’ . . အဲဒီ ကောင်မလေးရဲ့ ယောင်သံ . . .
ပြီး . . ကောင်မလေးက . . နောက်သို့ဖင်ထိုင်ရက်အကျ . . .
သူ့နောက်မှာ ထိုင်ပြီး အဝတ်ထုတ်ထည့်နေတဲ့ . . အဒေါ်ကြီးကိုသွားထိုင်မိ . . .
‘ အောင်မလေး . . ’ အာပြဲကြီးနဲ့ ဟောင်သံ . . .
အပ်စ်စပတ်ကားကြီး၏ အလယ်လမ်းအတွင်းဖြစ်ပျက်နေမှုများ . .
ကားပေါ် ထိုင်တဲ့လူအားလုံးပထမတော့ . . ကြောင်ကြည့်နေတယ် . .
နောက်အားလုံးထရယ်ကြတယ် . . . တစ်ကားလုံးအော်သံ . .
ယောင်သံတွေနဲ့ . . . . အဲဒီ ကောင်မလေးတော့တော်တော်အီသွားမယ့်ပုံ . . .
ရှေ့ကိုစောင့်ပြီး နောက်ပြန်အကျ . . နောက်မှာနောက်တစ်ယောက် . .
‘ နာလိုက်တာ . . . ကျွတ်ကျွတ်ကျွတ် ’
‘ အန်တီ . နာသွားလား . . သမီးတော့နာတယ် . . ’ မျက်နှာရှုံ့မဲ့မဲ့နဲ့ . .
ပြီး . . နောက်ကို သူထိုင်မိသွားတဲ့အဒေါ်ကြီးကိုလည်း . .
‘ ကန်တော့ပါ အန်တီရယ် . . အဲ . . အန်တီ . . ကန်တော့ပါတယ်နော် ’
‘ ရပါတယ်အေ . . ’ မျက်နှာကတော့တော်တော်ခံလိုက်ရတဲ့ပုံ . .
ရှေ့ကခေါင်းချင်းစောင့်တဲ့အဒေါ်ကြီးကတော့ . . သူ အစောင့်ခံလိုက်ရတဲ့ . .
နောက်စေ့ကို ပွတ်ရင် . .
‘ လုပ်လိုက်မှဖြင့်အေ . . . . နာတာပေ့ါဟ . . ငါကအထ . . နင်ကအငုံ ’
ဟုတ်ပါသည် . . တော်တော်လည်းအီမယ်လို့ကျွန်တော်ထင်တယ် . .
နည်းတဲ့အသံအကျယ်ကြီးမှမဟုတ်တာ . . သူတို့နှစ်ယောက်ခေါင်းစောင့်သံက . .
‘ ခွပ် ’ ဆိုအကျယ်ကြီးကြားလိုက်ရတာ . . . ကျွန်တော်လည်း . . ထဟားတာပေ့ါ . . .
အူကိုနာနေတာပဲ . . . ပြီး . . ရုပ်ကစပ်ဖြီးဖြီးနဲ့ . .
‘ ခြေထောက်နည်းနည်းလောက် . နန်း အထဲဝင်မလို့ ’

ကျွန်တော်လည်း ခြေထောက်ဖယ်ပေးလိုက်တယ် . .
သူကအထဲလည်းရောက်ရော . . သူ့ သောင်းခြောက်ထောင်သော အချဉ်ထုပ်တွေ . .
ပေါင်ပေါ်တင် . . . ပြီး . . သူ့နပါးကို သူဟာသူပွတ်နေတယ် . .
ကျွန်တော်လည်း ဘာရယ်မဟုတ်ဘူး . . ခုနက သူယောင်တာ ပြန်ကြားပြီး . .
ရယ်မိသွားတယ် . . . အဲဒီတော့ . .
' ဟာရယ်တာလဲ . . . '
' ဘုရား ငုတ်တုတ် . . . အဲ . . မှားလို့ . . မရယ်ပါဘူး . . ဟား ဟား ဟား '
' အဲ . . သူများယောင်တာကို လိုက်ယောင်ပြီးရယ်တယ် . . ဒီမှာ . .
ဒီလောက်နာတာကို . . ဘာဖြစ်သွားလဲဘာလဲမမေးဘူး . .
ရယ်နေတယ် '
မျက်စောင်းထိုးပြီးပြောတယ်ဗျာ . .
ဒီလိုနဲ့စကားတွေရောက်တက်ရာရာတွေပြောရင်း . .
သူ့နာမည် . . နန်းဝေ ( နာမ်စား ) အဖြစ်သိခဲ့ရတယ် . . .
ဒီလိုနဲ့ ရန်ကုန်အဝင်ရောက်တော့ဖုန်းကမိပြီ . . ကျွန်တော်ဖုန်းကိုဖွင့်လိုက်တော့ . .
သူက
' ဖုန်းနံပါတ်ပေးပါလား . . ဖုန်းဆက်ချင်လို့ . . ရရဲ့လား '
' ရပါတယ် . . နံပါတ်က . . ၀၉------- '
' အင်း . . ဆက်မယ်နော် . . ဖုန်းမချလိုက်နဲ့ . . စိတ်ဆိုးပြီးအိမ်ထိလာခဲ့မှာ '
' ဟား ဟား . . မကြောက်တတ်ရင်လာပေါ့ . . စိတ်မပူ '
ဒီလိုနဲ့ . . . ကားဂိတ်ကနေကျွန်တော်အိမ်ကိုပြန်ရောက်ခဲ့တယ် . . .
‘ နင်ဘာလုပ်နေတာလဲ . . ငါ့ဖုန်းတောင်မကိုင်ဘူး . . နင်ဘယ်သူနဲ့လဲ ’ အော်ပြီ ထင်တဲ့အတိုင်း
‘ အာ ဘယ်သူမှမဟုတ်ပါဘူး . . ငါ အိမ်သာထဲရောက်နေလို့ ’
‘ မလိမ်နဲ့ . . . အိမ်သာသွားတာဖုန်းမပါတာငါမယုံဘူး . . နင်နော် . . . ’
‘ အာ . . တကယ် . . မယုံလာကြည့် . . ဒီကို ’
‘ ဘယ်ကိုလဲ . . တွေ့လား . . . နင် . . ဒါပဲဟာ . . . မလာနဲ့အိမ်ကို ’
သေပြီကွာ . . . စုစု စိတ်ကောက်သွားပြန်ပြီ . . . . ဟူး . . .
အခုအရေးကြီးတာ ကားပေါ်ဘယ်လိုတက်မလဲ . . . ဟော သဒ္ဒါထလာပြီ . . .
ကားကိုသေချာကြည့်နေတယ် . . . မြင်သွားတယ်ထင်တယ် မိုးပြည့်ကို . . . .
လုပ်ကြပါအုံး . . . အရပ်ကူပါလူဝိုင်းပါဖြစ်နေပြီ . . ဟော ဖုန်းဝင်လာပြီ . . သဒ္ဒါဆီက . . .
မိုးပြည့် . . ကားပေါ်ကဆင်းလာပြီ . . လိုက်ရှာနေပြန်ပြီ . . . ကျွန်တော့်ကို . . . .
‘ ဟလို ’
‘ ဘယ်မှာလဲ . . . ကားကိုတွေ့နေတယ် . . ကောင်မလေးတစ်ယောက်ကောပဲ . .

ဘယ်မှာလဲဆို ' သဒ္ဒါဒေါကန်နေပြီ
' ကျွန်တော် အိမ်မှာ သဒ္ဒါ . . ကားက အကိုယူသွားလို့စောင့်နေတယ် '
' လိမ်တယ် . . အကိုကား ဘယ်ရောက်နေလို့လဲ . . . သဒ္ဒါဖုန်းဆက်ပြီးပြီ . . အိမ်ကို .
ကျော် မရှိဘူးတဲ့ . . မနက်ထဲကထွက်သွားတာတဲ့ . . . '
' ဟုတ်ဘူး . . အိမ်မှာဆိုတာ . . အိမ်အောက်ကိုပြောနေတာ . . အိမ်ပေါ်မှာမဟုတ်ဘူး . .
အိမ်အောက်က ဂိမ်းဆိုင်မှာ '
' လိမ်တယ် . . ကျော်နော် . . . မလိမ်နဲ့ဟာ . . သဒ္ဒါ ကျော့်ကားကို တွေ့နေတယ် . . '
' မလိမ်ပါဘူး . . သဒ္ဒါရယ် . . . ယုံပါ . . '
' မယုံဘူး . . ဆူညံနေတယ် . . ဒီနားမှာသလိုပဲ . . ခြားသံတွေလည်းကြားနေရတယ် '
သေချင်းဆိုး . . ဖုန်းလာမှ . . . ခြားကဖွင့်ရသလား . . .
' ဟုတ်ဘူး . . အဲဒါကားက အသံ '
' အေး . . . ပြီးတာပဲ . . ဒါဆို မြန်မြန်လာ . . အစ်ကိုကိုပြောလိုက်မယ် . . . '
' အန် . . ဟုတ်ဟုတ် '
ဆိုပြီးဖုန်းချသွားတယ် . . . ဟူး . . . ဟာ . . သဒ္ဒါသူငယ်ချင်းကျွန်တော့်ကိုမြင်သွားပြီ . .
သေပြန်ပြီ . . သေပြီးရင်းသေရင်း . . . ဟော သဒ္ဒါ ကျွန်တော်ဆီတည့်တည့်လျှောက်လာပြီ . .
ကျွန်တော်ဆိုင်နောက်ကိုပြေးသွားတယ် . . . ချွေးတွေလည်းထွက်နေပြီ . . .
နောက်ဆိုင်နောက်ကနေ ကားပါကင်ကိုပြေး . . . သဒ္ဒါကိုလည်းချောင်းရသေး . .
သူ့သူငယ်ချင်းတွေလည်းကြည့်နေရသေးတယ် . . . ဖုန်းဖုန်း . . မပိတ်ရသေးဘူး . .
ရတယ် . . အင်ကန်းမင်းပိတ်လိုက်တယ် . . . ဖူး . . . သဒ္ဒါရော . . သူ့သူငယ်ချင်းတွေရော
ခုနက ကျွန်တော်ရပ်နေတဲ့နေရာကိုကြည့်နေတယ် . . . ကျွန်တော်ကားဆီပြေး
ကားပေါ်မြန်မြန်တက် . . စက်နှိုး . . ဟိုက် . . ဘတ္တရီဝပ်နေပြီ . . စက်မနိုး . .
အရေးအကြောင်းဆိုဖြစ်ပြီ . . . မိုးပြည့်ကလည်း စိတ်ကောက်နေတယ် ဘေးမှာ . .
စကားလုံးဝမပြောဘူး . . . ဟော ကံကောင်းစက်နိုးပြီ . . . ကံဆက်ကောင်းတယ်ပြောရမယ် . .
ကားကြီးတစ်စီးဝင်လာတယ် . . . ကားပါကင်ကို . . ကျွန်တော်ကားကို မမြင်ရလောက်အောင်
ကွယ်တော့ . . အမြန်မောင်းထွက်လာတယ် . . မြို့ထဲသွားရမှာ . . ညာဘက်ကွေ့ရမှာ . . .
ဘယ်ဘက်ချိုးလိုက်ရတယ် . . . ညာဘက်ကွေ့ရင် သဒ္ဒါမြင်တော့မယ် . . . တော်သေး . . .
ကားပါကင်ကလွတ်သွားလို့ . . အရင်မိုးပြည့်ကိုချော့ရမယ် . . .
' မိုးပြည့် . . '
' မိုးပြည့် ကလည်းကွာ စိတ်မကောက်ပါနဲ့ . . မပေးချင်လို့မဟုတ်ပါဘူး . . . '
' ဒါဆို ကို ကဘာလည်း . . . ရှုပ်နေတာလား ပြော . . '
' မဟုတ်ပါဘူးမိုးပြည့်ရယ် . . . '
' ဒါဆိုအခုဖုန်းပေး . . '
' အင်းအင်း . . . ဖုန်းပေးလိုက်တယ် . . . '
အင်ကန်းမင်းပိတ်ရင်း ဖုန်းတွေရီစတက်ချလိုက်တယ် . . ဖုန်းအဝင် အထွက်နံပါတ်မသိအောင်လို့ . .
' အာ . . ဖုန်းကို . . တော်ပြီကွာ . . . ကိုရာ . . အိမ်ပြန်တော့မယ် '
' အဲ . . မိုးပြည့်ကလည်း . . မှားနှိပ်မိလို့ '
' အော် ဖုန်းကို ရီစတက်ချတာ မှားနှိပ်တာ . . ယုံမယ် . . ကလေးသွားပြော '
' အင်းလေး . . ကလေးကိုပြောနေတာလေ '
' ကို မနောက်နဲ့ . . ဒေါကန်နေတာနော် . . . '
' မကန်ပါနဲ့ . . မိုးပြည့်ရယ် . . မိုးပြည်လုပ်ချင်တာလုပ် . . ကို ခံမယ် '

‘ သေချာလား . . ’
‘ သေချာတယ် . . ’
‘ ဒါဆို ကားအခုရပ် . . . အောက်ကိုဆင်း ’
‘ အန် . . ဘာလုပ်မလို့လဲ . . ’
‘ ဆင်းဆိုကွာ . . . ’
‘ အင်း အင်း . ’ သူစိတ်ကောက်ပြေဖို့အခိက . .
အောက်ကိုဆင်းလိုက်တယ် . . . ၃၆ လမ်းအလယ်ဘလောက်ထိပ်မှာ . . လူတွေအများကြီး . .
မိုးပြည့်လည်းဆင်းလာတယ် . .
‘ မျက်လုံးမှိတ် ’
‘ အာ . ဘာလုပ်မှာလည်း . . ’
‘ မိုးပြည့် ဘာလုပ်လုပ်ခံမယ်ဆို . . ’
‘ အင်းလေ ’
‘ ပါးရိုက်မယ် . . . ’ ဒါဆို ပြေမယ် . . .
‘ အာ . . ရိုက်ရက်လို့လား . . ’
‘ ရိုက်ရက်ဘူး . . ဒါပေမယ့်ရိုက်မယ် . . မရဘူး . . ကိုနော် ’ ကိုပြဿနာနဲ့ကိုပဲ ခံတော့
‘ ကဲ . . သဘော မှိတ်ပြီ ’
‘ ဖြန်း ’
မျက်လုံးမှိတ်ပြီလို့စကားပဲဆုံးသေးတယ် . . . လက်ကလည်းမြန်ပ့ါ . . . ပါးကိုပူထူသွားတာပဲ . . .
‘ ကို လာ မြန်မြန် . . ရှက်စရာကြီး . . အဲဒါကြောင့်ချစ်တာ ’
ကြောက်စရာ ချစ်တာကလည်း . . ငါ့ပါးတော့သွားပြီ . . ရှစ်စိတ်များကွဲသွားသလားပဲ

ပါးကိုပွတ်ပြီးကားပေါ်တက်တယ် . . ကျွန်တော်မျက်နှာကတော့ ဇီးစေ့ . . .
နာတာကိုဗျ . . စပ်ဖြင်းဖြင်းနဲ့ . . . နော်နော်လက်သံပြောင်တယ် . . . .
‘ ကို . . ဟီး ဟီး . . နာသွားလား . . ကို . . . ’
‘ ခံကြည့်ပါလား နာမနာ . . ’
ကျွန်တော့်အလှည့် . . . သေပြီမှတ် . . . ဘာမှတ်နေလဲ . . ခနက သဒ္ဒါရှိနေလို့ . .
အခုတော့ . . ဟင်း ဟင်း ဟင်း . . . . ကျွန်တော်မျက်နှာ ရှစ်ခေါက်ချိုး . . .
‘ ကို ကလည်း . . . ချစ်လို့လုပ်တာကို . . စိတ်ဆိုးနဲ့နော် . . ကိုနော် ’
ကျွန်တော်စကားလုံးဝပြန်မပြော . . .
‘ ကို . . . ငိုမှာနော် . . . ကို စကားပြန်ပြောပါဆို . . . အိမ်ရောက်တော့မယ် . . ကို ’
‘ ငိုပေ့ါ . . ကိုယ့်မျက်လုံးနဲ့ကို ငိုတာ . . ဘာလုပ်ရမှာလဲ ’
‘ အဲ . . ကို . . မဆိုးပါနဲ့ကိုရယ် . . . နော် . . မကျေနပ်ရင် ပြန်ရိုက်ပါနော် ကိုနော် . .
စိတ်တော့မဆိုးနဲ့နော် ’
‘ မရိုက်ပါဘူး . . မိုးပြည့်မရိုက်ရက်ပါဘူး . . နာမှာဆိုးလို့ . . သူ့လိုများမှတ်နေလားမသိ ’
‘ ကို . . နောက်အဲမလိုတော့ဘူးနော် ကို နော် . . စိတ်မဆိုးနဲ့နော် ’
အခုအချိန်ပျော့လိုက်ရင် . . နာသွားမယ် . . . တင်းထား . . . အဲဒီလိုနဲ့အိမ်ရောက်သွားတယ် . . .
‘ ကို . . . အိမ်ရောက်ပြီ . . မိုးပြည့်သွားတော့မယ်နော် . . . ကို စိတ်မဆိုးပါနဲ့နော် ’
‘ ကောင်းကောင်းသွား . . . ချစ်တယ် . . . စိတ်တော့ဆိုးသေးတယ် . . ’
‘ ကိုဆိုးနဲ့တော့နော် . . မိုးပြည့်ညကျဖုန်းဆက်မယ်နော် . . ကို ကိုင်နော် . .
မကိုင်မချင်းခေါ်မှာနော် . . ကိုနော် . . . ’

‘ အင်း ခေါ်လိုက် . . ’
‘ အင်း ခေါ်မှာ . . . ပြွတ် . . . တဲ့တာ . . အရမ်းချစ်တယ် ’
‘ အင်း ’
ခဏကြာတော့မိုးပြည့်အပေါ်တက်သွားတယ် . . သဒ္ဒါ . . . သဒ္ဒါ . . . ဂိမ်းစီးတီး . . .
အမြန်ပြန်မောင်း . . . ခုနဆိုင်ကို . . အဲ . . အကျီ . . ကားခဏရပ် . . အကျီလဲ . . ဘောင်းဘီတော့
အကြောင်းမဟုတ် . . တော်သေး အပိုပါလို့ . . . . ပြီး အမြန်မောင်း . . တော်သေးတယ် . . .
သဒ္ဒါရှိသေးတယ် . . . ကားရပ်ပြီး သဒ္ဒါဆီသွားလိုက်တယ် . . မျက်နှာက
ကျွန်တော်လည်းမြင်ရော ဟိုဘက်ကို ချာကနည်းလှည့်လိုက်တယ် . . .
ကျွန်တော်လည်း သူ့ဘေးနားဝင်ထိုင်တယ် . . သူ့သူငယ်ချင်းခုနက ကျွန်တော့်ကိုတွေ့လိုက်တဲ့
ကောင်မလေးက ခြေဆုံးခေါင်းဆုံးကြည့်နေတယ် . . . ပြီးသူ့ဟာသူ မရေမယာဖြစ်သွားတယ်ထင်တယ် . .
နောက် သဒ္ဒါဘက်ကို လှည့်ပြီး ကျွန်တော့်ကို ကြည့်ပြီး လက်ညှိုးခွေးပြတယ် . . ကောက်နေတယ်ပေါ့ . .
ကျွန်တော်လည်း ရယ်ပြလိုက်ပြီး သူ့လက်လေးကို အောက်ကနေကိုင်လိုက်တယ် . . သူက
‘ ဘာလာ လက်ကိုင်တာလည်း ’
‘ အာ . . တိုးတိုးလေ . . ခိုးလုပ်ပါတယ်ဆို ထအော်တယ် ’
‘ ကျော်နော် . . . သိပ်ကျေနပ်တာမဟုတ်ဘူး . . ’
‘ အဲ . . ဘာလုပ်မိလို့လဲ သဒ္ဒါရယ် . . ဘာမှတောင်မလုပ်ရသေးဘူး ’
ဘူးတစ်လုံးဆောင် အိုတောင်မဆင်းရဲတဲ့ . . . ဘူးတစ်လုံးဆောင်စမ်း . . .
‘ ကျော် ခုနက ဘယ်မှာလည်း မှန်မှန်ပြော . . . ခနလေးထသွားတယ် . . ကားကမရှိတော့ဘူး ’
‘ သဒ္ဒါရယ် . . ဂိမ်းဆိုင်မှာအစ်ကိုကိုစောင့်နေတာ . . တစ်ကယ်ပါ . . . မိုးကြိုးပစ် . . လိမ်ရင် ’
ကြောက်တော့ကြောက်သား . . အို . . ဘာဖြစ်လဲ . . ဘေးမှာသဒ္ဒါပါရှိတယ် . . . သူ့သူငယ်ချင်းတွေရော . .
ထိလည်း အဖော်တောင်ရသေး . . မိုက်သကွာ . .
‘ အေး ပြစ်လိမ့်မယ် . . ဝေးဝေးမှာနေ . . . ’
‘ အဲ . . ဘယ်ကပြစ်မှာလည်း . . . မနေပါဘူး . . သဒ္ဒါနားမှာပဲနေမှာ ’
သဒ္ဒါ သူငယ်ချင်းတွေပြုံးစိစိ . .
‘ လာပါ သဒ္ဒါရယ် . . . လမ်းလျှောက်မယ်နော် ’
‘ မလျှောက်ပါဘူး . . ညောင်းတယ် ’
‘ ညောင်းရင် တွဲခေါ်မှာပေါ့ . . လာပါ ’
‘ ကျော်နော် . စိတ်ကောက်မပြေသေးဘူး . . ’
‘ အင်းပါ . . ပြေအောင်ချော့မယ် ’
သဒ္ဒါဆောင့်အောင့်ပြီးထလိုက်လာတယ် . . ဆိုင်ပြင်ကို . . အပြင်ရောက်တော့ . . .
သဒ္ဒါလက်ကို လှမ်းကိုင်လိုက်တယ် . . .
‘ ဘာလဲ . . . လူလည် ’
‘ မလည်ပါဘူးသဒ္ဒါရယ် . . သဒ္ဒါတစ်ယောက်ထဲအတွက်လည်တာပါ ’
‘ တော်တော်စကားတတ် . . . ’
ဆိုပြီး ကျွန်တော်လက်မောင်းကို ကိုင်လိုက်တယ် . . နောက်လမ်းလျှောက်ကြတယ် . . .
‘ ကျော် . . . တိရိစ္ဆာန်ထဲသွားမယ် . . ’
‘ အင်း ’
အဲဒါနဲ့ တိရိစ္ဆာန်ရုံဘက်ကူးတဲ့အပေါက်ဝကို သွားတယ် . . လက်မှတ်စစ် . .
ရယ်ပြတယ် . . ဟိုက် . . သွားပြန်ပြီ . . . မိုးပြည့်နဲ့ဝင်တုန်းက . . မှတ်မိနေတယ် . . ကျွန်တော်ကို
‘ ညီလေး . . နောက် . . . ’

မျက်လုံးအမြန်မှိတ်ပြလိုက်ရတယ် . . တော်တော်လျှာရှည်တာပဲ . . . ပြောစရာလား . . .
သေတော့မယ် . . ပြေးပေါက်မရှိအောင်လုပ်နေပြီ . . . . .
' ညီလေး . . နောက် ဘယ်သူဝင်အုံးမှာလည်း '
' မဝင်တော့ဘူး . ကျွန်တော်တို့နှစ်ယောက်ပဲ . . ကျေးဇူးပဲ ' ဆိုပြီး လစ်လာရတယ် . .
ဟူး . . သဒ္ဒါ မရိပ်မိလို့ . . . . ကျေးဇူးရှင်ကြီးကလည်း တော်သေး . . ပြောတတ်လို့ . . ဒ
သူ့စကားသူဖြတ်တတ်လို့ . . . အဲဒါနဲ့ လမ်းလျှောက်တယ် . . . . သဒ္ဒါနဲ့က အဆင့်တက်လို့ . .
ရည်းစားဖြစ်သွားပြီ . . . နာရီဝက်လောက်လမ်းလျှောက်ပြီးဆိုင်ကိုပြန်လာတယ် . .
ဒီတစ်ခါလည်း လက်မှတ်စစ်က ရယ်ပြတယ် . . ကျွန်တော်လည်း မချိပြုံး . . .
မြန်မြန်လစ်လာရတယ် . . ဆိုင်ရှိတဲ့ဆီကို . . ဆိုင်ကိုရောက်တော့ . . သဒ္ဒါသူငယ်ချင်းတွေက
ပြန်တော့မယ်တဲ့ . . ကျွန်တော်လည်း . . သဒ္ဒါကိုလိုက်ပို့လိုက်မယ်ဆိုပြီး
သဒ္ဒါနဲ့ နှစ်ယောက်ထွက်လာတယ် . . ကားဆီကို နောက် သဒ္ဒါအိမ်ကိုလိုက်ပို့တယ် . . .
' ကျော် . . ညကျဖုန်းဆက်လိုက်မယ်နော် '
' အင်း . . '
' ကျော် တာ့တာ ' ဆိုပြီး အိမ်ထဲဝင်သွားတယ် . . .
စုစု . . စိတ်ကောက်နေတုန်း . . . သူကျန်သေးတယ် . . . . ပြေးပြီ စုစုအိမ်ကို . . . . .
စုစု အိမ်ကိုရောက်တယ် . . ခြံတံခါးကနေကားကိုဝင် . . . ကားရပ် . . . စုစုက ဒန်းပေါ်မှာ . .
ကျွန်တော်ကိုမြင်တော့ . . မျက်နှာက အီးမှန်တဲ့မျက်နှာ ပုပ်သိုးနေတာပဲ . . . .
ကျွန်တော်လည်းမျက်နှာကို ပျားရည်လိုချိုနေအောင်ထားပြီး . . ချော့ရတော့မယ် . . .
သူ့ ဘေးနားသွားထိုင်တယ် . . ပြီး
' အီးစော်နံတယ်နော် . . . '
' ဘာတုန်း . . မလာနဲ့လို့ပြောတာ . . ဘာလို့လာတာတုန်း . . သွားအခုပြန် . .
နင်တော်တော်လိမ်တတ်နေပါလား . . '
' အဲ . . မပြန်ပါဘူး . . နင်ဆီလာတောလေ . . ပြန်ချင်လို့လာတာမှမဟုတ်တာ . .
နင်ကလည်း . . '
' တော်ပါ . . . ငါအရမ်းတင်းနေတယ်နော် '
' အော် ငါထင်တာမှန်တာပဲ . . အဲဒါကြောင့်နံနေတာ . . . သွားအိမ်သာကို . .
နင်တော်တော်ညစ်ပတ်တာပဲ . . ခြံထဲမှာ '
' အာ . . ခွေးကောင်စုတ် . . . ငါ ငိုလိုက်မှာနော် . . '
' အဲ . ငိုမလို့လား . . အဲဒါဆိုနေအုန်း . . ငါ ဓါတ်ပုံရိုက်ထားမယ် . . ကြွက်ချောက်မလို့ '
' အာ . . နင် . . . တော်ပြီ . . . လာမပြောနဲ့ '
' အန် . . . လာမပြောပါဘူး . . ထိုင်ပြောတာ '
စကားမပြောတော့ဘူး . . မျက်နှာက ဟိုဘက်လှည့်လို့ . . . ဟော သူ့အမေထွက်လာပြီ . .
' အော် ကျော်ကျော်ပါလား . . လာသား . . အိမ်ထဲကို . . သမီး သူငယ်ချင်းကိုခေါ်လေ '
' သူ သမီးသူငယ်ချင်းမဟုတ်ဘူး . . ဘယ်ကရောက်လာမှန်းမသိပါဘူး '
' အော် ဟား ဟား ရန်ဖြစ်နေပြန်ပြီနဲ့တူတယ် . . အေးကွယ် . . သားရေ ချော့လိုက်အုံး '
' ဟုတ်ကဲ့ အန်တီ '
' နင်ကလည်းဟာ . . ဘာဖြစ်တာလည်း . . ငါ့ကိုမလာစေချင်းဘူးလား '
' အေး . . ငါပြောပြီးသား . . မလာနဲ့လို့ . . . နင်ဟာနင်လာတာ '
' နင် မျှော်နေမှန်းသိလို့လာတာ . . မမျှော်ဘူးလား . . ငါ့ကို '
' သေပါလား . . မျှော်စရာလား . . . နင့်ကိုများ '

‘ ဒါဆိုဘာလို့ ခြံထဲဆင်းနေလဲ . . ’
‘ ငါ့ဟာငါဆင်းတာ နင့်မျှော်ရတယ်ဖြစ်အုံးမယ် ’
‘ အေး လိမ်ရင် စာမေးပွဲကျပါစေဗျာ ’
‘ ခွေးကောင်စုတ်. . ယုတ်မာတာ ’
‘ အာ လူကြားလို့မကောင်း . . မယုတ်မာပါဘူး . . ’
‘ အေး မျှော်တယ်ဟာ . . . နင်ကို ရိုက်မလို့ ’ဆိုပြီး ဗိုက်ခေါက်ကိုဆွဲတယ် . . .
အောင်မလေး . . နာလိုက်တာ . . အသံလည်းမထွက်ရဲ . . . ရုပ်လည်းမပျက်ရဲ . . .
ခံပေအုံးတော့ . . . ကိုယ်ဟာနဲ့ကို . . . သေပါပြီ . . . . . တော်တော် လက်သံပြောင်တယ်နောက်တစ်ယောက် . .
တော်သေးလို့ ခဏပဲဆွဲလို့ . . နောက် . .
‘ လာ . . အိမ်ထဲကို . . ကော်ဖီဖျော်တိုက်မယ် . . . နင့်ကို . . နောက်လုပ်ရင် . .
ဒီထက်ဆိုးမယ် . . နင် ’
‘ အေးပါဟာ . . နင်ပြေပြီလား . . စိတ်ကောက် ’
‘ အေး . . နည်းနည်းတော့ကျန်သေးတယ် . . အခုအိမ်ထဲသွားမယ် . .
အမေငါ့ကို ဆူအုန်းမယ် . . နင့်ကို အိမ်ထဲမခေါ်လို့ . . . . လာ . . . ’
‘ အေးပါ . . ’
ဆိုပြီး စုစု အရင်အိမ်ထဲဝင်သွားတယ် . . ကျွန်တော်လည်းလိုက်သွားတယ် . .
နာလိုက်တာ . . ဗိုက်လေးကို ပွတ်ပြီးလိုက်သွားလိုက်တယ် . . .
အိမ်ထဲရောက်တော့ စုစုကကော်ဖီဖျော်တိုက်တယ် . . . နောက် ဘုရားရှိခိုးပြီး . . .
အိမ်ကိုပြန်လာတယ် . . . အဲဒီနေ့ကတော့စိတ်မောလိုက်တဲ့ဖြစ်ချင်း . . .
ညရောက်တော့ ပြဿနာကလာပြန်ပြီ . . . ဖုန်းကိစ္စ . . .
ပထမမိုးပြည့်ဖုန်းခေါ်တယ် . . . . သူနဲ့ပြောနေတုန်း . . . သဒ္ဒါဖုန်းဆက်တယ် . . .
ဆယ်ကန်းကော . . . ဖူး . . . ဟိုဘက်ပြောလိုက် ဒီဘက်ပြောင်းလိုက်နဲ့ . . .
နှစ်ဖက်လုံးတော့ . . . အမား ဖုန်းလို့ပြောထားတယ် . . . အဲ . . စုစု . . .
အိမ်ဖုန်းကိုခေါ်ပြီ . . . သေချင်လာပြီ . . နားက နှစ်ဖက်တော့ရှိတယ် . . .
ပါးစပ်ကတစ်ပေါက်ထဲ . . . ဘယ်လိုပြောမလဲ . . . ညနေကတင် မနည်းချော့ထားရတာ . . .
ဟန်းဖုန်းကို အပြင်မှာ ဒီတိုင်းချ . . အိမ်ဖုန်းသွားကိုင် . . . စုစု ကိုနောက်မှပြန်ဆက်လိုက်မယ် . . .
အမားနဲ့ဖုန်းပြောနေလို့ဆိုပြီးချ . . . သဒ္ဒါ ကိုလည်း နောက်မှပြန်ဆက်မယ်ပြော . .
မိုးပြည့်ကိုလည်း နောက်မှပြန်ဆက်မယ်ပြောပြီး . . ဖုန်းအားလုံးပိတ်လိုက်တယ် . . .
ငါတော့သေတော့မယ် . . . . အိပ်လိုက်တော့တယ် . . ဘာမှမစဉ်းစားတော့ဘူး . . . .

အပိုင်း - ၆ ။

တစ်ခုမဟုတ် . . ဒီလိုမျိုး . . . နောက်တစ်ခါထပ်ကြုံပြန်ရော . . . ဒီတစ်ခါတော့မနည်းရှင်းရတော့တယ် . .
ဖြစ်ပုံကဒီလို . . . . တစ်နေ့ ကျွန်တော်နဲ့မိုးပြည့် မြကျွန်းသာကိုသွားတယ် . . . .
လက်တွဲပြီးလမ်းတွေလျှောက်နေကြတယ် . . . နောက်ဆိုင်တစ်ဆိုင်မှာထိုင်တယ် . . .
အဲဒီမှာ သဒ္ဒါဖုန်းဆက်လာတယ်. . ကျွန်တော်လည်း . . အမားဖုန်းဆိုပြီးဆိုင်ပြင်ကိုထွက်လိုက်တယ် . .
‘ ကျော် ဘယ်မှာလည်း . . ’
‘ သဒ္ဒါ ထမင်းစားနေတယ် . . အပြင်မှာ . . ပြောလေ ’
‘ ကျော် သဒ္ဒါအခု မြကျွန်းသာရောက်နေတယ် . . . လာခဲ့နော် . . . .

သူငယ်ချင်းတွေက သူ့ဟာနဲ့သူ . . . သဒ္ဒါဆီလာခဲ့နော် ကျော် . . . . '
ဟိုက် . . ဘယ်မှာလဲဟ . . . သဒ္ဒါ . . ရှာစမ်း . . . သေတော့မယ် . . . နောက်တစ်ခါ . . . .
' သဒ္ဒါ ဘယ်နားမှာလည်း ' မလိမ့်တပတ်မေးလိုက်တယ် . . .
' ကျော် လာမယ်ဆို . . အပေါက်ဝကစောင့်နေမယ် . . . အခုက အထဲမှာ '
အာ . . . အထဲမှာတဲ့ . . . ရှာရှာ မြန်မြန်မျက်လုံးရေ . . . သဒ္ဒါကို ရေဒါဖွင့်လိုက်သလိုဘဲ . .
ခေါင်းကိုချာချာလည်သွားတယ် . . မိုးပြည့်ကလည်း ကျွန်တော့်ကိုကြည့်နေတယ် . . .
ဟောတွေ့ ပြီ . . ကျွန်တော်တို့ထိုင်နေတဲ့ဘေးဆိုင်မှာ . . သူလည်း အပြင်ထွက်ပြောနေတယ် . .
သစ်ပင်ကွယ်နေလို့မမြင်ရတာ . . . အဲ . . . ကျွန်တော်လည်းနောက်နည်းနည်းစုတ်လိုက်တယ် . .
ပြီး ထပ်ချောင်း သဒ္ဒါကို . . . သူက . .
' ကျော် လာခဲ့ကွာ . . . နော် . . . စောင့်နေမယ် . . ရောက်ခံနီးရင်ဖုန်းဆက်လိုက် . .
သဒ္ဒါထွက်လာမယ် . . . . ' ဆိုပြီးဖုန်းချသွားတယ် . . . ဟူး
နောက်တစ်ခေါက်လာပြန်ပြီ . . ဒီတစ်ခါတော့ ကံကကောင်းနိုင်ပါအုံးမလား . . .
စဉ်းစား . . . မိုးပြည့်ကိုပြောလိုက်တယ်
' အထဲဝင်ရအောင် . . အပြင်မှာပူတယ် '
' အင်း သဘောလေ. . ကို '
အဲဒါနဲ့အထဲဝင်လိုက်တယ် . . . . နောက် မိုးပြည့်ကို . . အိမ်သာခဏသွားမယ်ဆိုပြီး . . .
ပြောပြီး အိမ်သာဘက်ကိုထွက်လာတယ် . . ပြီး အပေါက်ဝကိုပြေးဆရာရေ . . .
ပြေးနေတုန်း သဒ္ဒါကိုဖုန်းခေါ် . . . .
' ကျော်လာနေပြီ . . '
' အင်း ထွက်လာပြီ ကျော် '
ဟူ အပေါက်ဝရောက်ပြီမောလိုက်တာ . . . . ဟာ တော်သေး သဒ္ဒါထွက်လာတာမြန်လို့ . . .
မဟုတ်ရင်ကြာအုန်းမယ် . . . ဖုန်းက အင်ကန်းမင်းပိတ် . . . နောက် မောနေပင်မယ့် ပြုံးပြုံးလေးနေ . . .
ဘာမှမဖြစ်သလို အခုမှရောက်သလိုလိုပေါ့ . . .
' ကျော်လာ . . . '
' အင်း . . . ' မောတာတော့မောတာပေါ့ . . မောတာထက် လန့်နေတာ . . .
မိုးပြည့်က ဆိုင်ထဲမှာ . . အဲဒီဆိုင်ရှေ့ကဖြတ်ရမှာ . . ခက်လိုက်တာ . . သဒ္ဒါက အရပ်ပုတယ်
ကျွန်တော်ကွယ်လို့မရဘူး . . . အဲဒီဆိုင်နားရောက်တော့မယ် . . . နေကာသလိုဘာလိုလိုနဲ့ . .
မျက်နှာကိုလက်နဲ့ကာ. . မြန်မြန်လျှောက် . . . ဟော . . . သဒ္ဒါ သူ့သူငယ်ချင်းတွေဆီခေါ် သွားပြီ . .
အပြင်ဝိုင်းမှာ . . သေတော့မှာပဲ . . ရင်ထဲမှာလည်းတဒိတ်ဒိတ် . . .
ခဏကြာတော့ . . ကျွန်တော်လည်း သဒ္ဒါကို လမ်းလျှောက်မယ်ပြောပြီး အဲဒီဆိုင်ကထလာတယ် . . .
နောက်လမ်းလျှောက်တယ် သဒ္ဒါနဲ့ . . တော်တော်တော့ညောင်းနေပြီ . . ခနကလည်း . .
မိုးပြည့်နဲ့လမ်းလျှောက်တာညောင်းလို့ . . . ဆိုင်ထိုင်မိပါတယ် . . အခု သဒ္ဒါနဲ့လျှောက်ရပြန်ပြီ . . .
ဝူး . . . ဒုက္ခ . . . လျှောက်ပေအုန်းတော့ကိုယ့်လူရေပဲ . . . လျှောက်ရင်းနဲ့ . . .
ပထမ သဒ္ဒါက ကျွန်တော့်ကိုတွဲတာ . နောက်တော့ ကျွန်တော်က သဒ္ဒါကိုတွဲသလိုဖြစ်လာပြီ . . .
ညောင်းလိုက်တာဗျာ . အဝေးကြီးလျှောက်နေတယ် . . . ပြန်မလှည့်ရသေးဘူး ဒါတောင် . .
ပြန်ရင် ဒီလောက်အဝေးကြီးထပ်လျှောက်ရအုံးမယ် . . . ညောင်းနေတုန်းသတိရ . .
မိုးပြည့် . . ဆိုင်မှာ . . . ဒါကန်နေလောက်ပြီ
သဒ္ဒါရဲ့လမ်းလျှောက်ရင်း ခုံတန်းတစ်ခုတွေ့တော့ဝင်ထိုင်လိုက်တယ် . . . သဒ္ဒါက
' ကျော် . . ရေသောက်ချင်တယ် '
' အင်း သွားဝယ်ပေးမယ်လေ . . ခဏစောင့်နော် '

ဆိုပြီး ပြေးပြီဆရာရေ . . . မိုးပြည့်ဆီကို . . ဟောဟဲ . . ဟောဟဲ . . . မောလိုက်တာဗျာ . . .
လျှောက်တုန်းကအဝေးကြီး . . အခုတော့ ပိုမော . . . ဆိုင်ထဲဝင်လိုက်တယ် . . .
မိုးပြည့်ဒေါကန်နေပြီ . . .
' ကို ဘယ်သွားနေတာလဲ . . အိမ်သာထဲမှာဘာလုပ်နေတာလဲ . .
ဒီလောက်အကြာကြီး . . ပြော ' ထင်တဲ့အတိုင်း မိုးပြည့်အော်ပြီ . .
' ဟုတ်ပါဘူးကွာ . . ဘယ်မှမသွားပါဘူး . . . အီးအီးပန်းနေလို့ပါ . . .
တစ်ကယ်ပါ . . မယုံရင် အိမ်သာထဲသွားကြည့် . . . '
' သိဘူးကွာ . . ကြာတာကြီးပဲ . . . ဘာစားမှားလို့လဲ . ကိုနော် . .
ဘာတွေစားလို့လဲ '
တော်သေး . . နည်းနည်းယုံသွားလို့ . . . သိပ်မရှင်းလိုက်ရဘူး . . . .
နည်းနည်းတော့ထပ်ဖော့ရအုံးမယ် . . ယုံအောင်လို့ . . .
' အင်း . . မနက်က နွားနို့နဲ့ . . . ရှောက်သီးသုပ်စားမိလို့ '
' ပန်းတာတောင်နည်းသေးတယ် . . တစ်ခါထဲ မျှော့ပြီးအပြင်မထွက်နိုင် . .
ပိုတောင်ကောင်းသေး . . '
' အန် . . '
' ဟုတ်တယ် . . မပြောလိုက်ချင်ဘူး . . . '
' အော် . . မပြောချင်လို့နော် '
' ကိုနော် . . ဒေါသသိပ်ပြေသေးတာမဟုတ်ဘူး . '
' အင်းပါ . . လာစားမယ် ' ဆိုပြီးမှာထားတာတွေစားပါတယ် . . .
ခေါင်းထားမှာတော့ သဒ္ဒါကျန်သေးတယ် . . . ကျွန်တော်သွားဝယ်တဲ့ရေဘူးကို . .
သူစောင့်နေတယ် . . . ခဏကြာတော့ ကျွန်တော်လည်း . . . .
' မိုးပြည့် ခဏလေးကွာ . . . ရော့ပိုက်ဆံအိတ် . . ပိုက်ဆံရှင်းထားလိုက် . . .
မရတော့ဘူး . . အိမ်ပြန်မှရတော့မယ် . . အခုတော့ပြေးလိုက်အုံးမယ် . . '
' အာ . . ကိုတော့ ဒုက္ခပဲ . . . ဆရာဝန်ဆီသွားမှပဲ . . သွားသွား အရင် . .
ပိုက်ဆံ မိုးပြည့်ပဲရှင်းထားလိုက်မယ် . . . မြန်မြန်သွား . . '
အဲဒါနဲ့ ကျွန်တော်လည်းနောက်ပေါက်က ပြေးရပြန်ပြီ . . လမ်းမှာ . . ရေတစ်ဘူးဝယ် . .
သဒ္ဒါဆီကိုပြေး . . ဟိုရောက်တော့ . . နှုတ်ခမ်းဆူနေတဲ့ သဒ္ဒါ . . .
' ကြာလိုက်တာ ကျော်ရယ် . . . ရေသွားဝယ်တာ . . ရေဘူးများဖြစ်နေမလားပဲ
ဒီမှာတစ်ယောက်ထဲဆိုတာရောသိရဲ့လား . . . . '
' အင်း သိပါတယ် သဒ္ဒါရယ် . . . အဲဒါကြောင့်ပြေးလာတာ '
' အင်းပါ ' ဆိုပြီးရေသောက်တယ် . . . . ခဏကြာတော့သူ့သူငယ်ချင်းတွေဆီသွားမယ်လုပ်တယ် . .
အဲဒါနဲ့ပြန်လျှောက်ခဲ့တယ် . . . ခနက လာတုန်းက ဖုန်းကို အလန်းပေးခဲ့တယ် . .
ဖုန်းမြည်သံအတိုင်း . . ဆိုင်းနားရောက်ဖို့တစ်ကွေ့အလို . . . ကွက်တိ . . အလန်းထိမြည်ရော . .
' ဟလို . . ဟာ . . ဟုတ်လား . . အေးအေး . . ဒါဆိုအခုလာခဲ့မယ် . .
မင်းအဲဒီကစောင့်နေ . . . အေးပါ . . ငါအခုလာပြီ '
ဆိုပြီးဖုန်းချလိုက်တယ် . . တစ်ကယ်တော့ အလန်း . . . ဟန်ဆောင်လိုက်ရတာ . .
တစ်ကယ့်အရေးကြီးနေတဲ့ စတိုင် . . . .
' ကျော် အရေးကြီးရင်သွား . . သဒ္ဒါသူငယ်ချင်းတွေနဲ့ပြန်လိုက်မယ် '
' အင်း . . တစ်ကယ်အရေးကြီးလို့နော် . . . သဒ္ဒါ . . . ကျော်ဖုန်းဆက်လိုက်မယ် '
' အင်း . . ရပါတယ် . . သဒ္ဒါနားလည်ပါတယ်ကျော်ရယ် . . သွားသွား '

ပြေးပြီ . . မိုးပြည့်ဆီကို . . . ချွေးတွေမှ ရေလောင်းထားတဲ့အတိုင်း . . . မိုးပြည့်ဆီရောက်တော့
သူက ထပြီး . .
‘ ကို . . သက်သာလား . . လာလာ ပြန်မယ် . . မိုးပြည့်မောင်းမယ် . .
ကားသော့ပေး . . ကိုဘေးကထိုင်လိုက် . . . ’
‘ အင်း ’
ဆိုပြီးမိုးပြည့်ကကျွန်တော့်ကိုတွဲပြီး ထွက်လာတယ် . . ကားပေါ်ရောက်တော့ . .
သူကပဲကားမောင်း . . . ဘယ်သွားတယ်မှတ်တုန်း . . . ဆေးခန်း . . သေရောပဲ . . .
ဝမ်းသွားနေတယ်ပြောလိုက်တာ . . ဆရာဝန်က . . . ဝမ်းပိတ်ဆေးတွေပေးလိုက်ရောဗျာ . .
တစ်ခါတည်းသောက်ဆိုပြီး သောက်ခိုင်းတာ ဒုက္ခပါရောက်ရော . . ဝမ်းမသွားတော့ . .
ဝမ်းနှုတ်ဆေးသောက် . . ဝမ်းပိတ်ဆေးသောက်နဲ့ နှစ်ရက်လောက် ခံလိုက်ရတယ် . .
အဲဒီထဲက ဝမ်းသွားနေတယ်လို့ကိုမပြောရဲတော့ဘူး . . လူကိုမျော့မျော့ပဲကျန်တော့တယ် . . .

အပိုင်း - ၇ ။

ဒီလိုနဲ့ ရည်းစားသုံးယောက်နဲ့ယောက်ရက်ခတ်ရင်း တစ်နှစ်ကျော်လာခဲ့ပြီ . . .
တစ်နေ့မှာတော့ . . ဒဂုံတက္ကလိုက် . . ကျောင်းသားရေးရာနှင့် မိန်းလမ်းမဒေါင့်တွင် . . .
‘ ကျွီ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ’
‘ ရှင် ကားမမောင်းတတ်ဘူးလား . . ဘယ်လိုမောင်းနေတာလဲ ’
‘ ဟ . . စွာလှချည်လား . . . ဘယ်သူမှားတာတုန်း . . ကိုယ်ဟာကိုယ်ပြန်ကြည့်အုံး ’
ကျွန်တော်က မိန်းလမ်းမှတည့်တည့်အသွား . . သူကကျောင်းသားရေးရာမှ မိန်းလမ်းကို
ဖြတ်အတက်ဒေါင့်တွင် . .
‘ ဘယ်သူမှားမှား . . လေဒီဖက်စ် ဆိုတာမသိဘူးလား ’
‘ အော် . . လေဒီဖက်စ်လား . . ဒါဆိုရင် . . မင်းလေး အရင်သေနော် . . လေဒီဖက်စ် ’
‘ အာ . . ရှင် ရှင် . . . ’
‘ ဖူး . . . ဘူးးးးး . . . . ’ ပါဝါအိပ်ဇောနှင့် . . လီမိတက် အနက်ရောင် . . . ကောင်မလေးတစ်ယောက် . . .

အပိုင်း - ၈ ။

သူနဲ့တွေ့ပြီးနောက်နှစ်ရက်အကြာ ကျောင်းကကန်တင်းကားပါကင်တွင် . .
‘ အာ . . ရှင်ပဲကို . . ရှင်လုပ်ပြန်ပြီ . . ဒါကျမ ပါကင်ထိုးမလို့ရှင် . . ’
‘ အန် . . မင်းလေး ဝယ်ထားတာလား . . အများပိုင်ထင်တယ် . . . . ’
‘ အာ . . ရှင်တော်တော်ကပ်သီးကပ်ဖဲ့ပါလား . . . လူမှုရေးနားမလည်ဘူးလား . . ’
‘ ဟ . . မင်းလေးလွန်လာပြီ . . . လူမှုရေးနားလည်လို့ . . မင်းလေးထိုးလို့ရအောင် . .
ဘေးမှာ တစ်စီးစာချန်ပေးထားတယ် . . မတွေ့ဘူးလား . . ကန်းနေလား . . . ’
‘ ရှင်နော် . . လွန်လာပြီ . . . ’
ကားက ကျောင်းကကန်တင်းအပေါက်ဝတွင် တစ်နေသည် . . ကားတွေလည်းစောင့် . .
လူတွေလည်းကြည့် . . .
‘ အော် သိပြီ . . မင်းလေး . . ပါကင်မထိုးတတ်ဘူးကို . . . ကူပေးရမလား ’
‘ မလိုဘူး . . . ’
‘ အော် . . ဟုတ်ကဲ့ဗျာ ’

ဆိုပြီးကျွန်တော်လည်း . . ဒဂုံတက္ကသိုလ်ထုံးစံအတိုင်း . . ဘွက်တတန် . . . မြောင်းတသွယ်နဲ့ . .
ကန်တင်းကိုအသွား လမ်းတစ်ဝက်တွင် . . .
' ဒုန်း '
နောက်ကိုလှည့်ကြည့်လိုက်သည် . . . သစ်ပင်နဲ့ ခုနက ကောင်မလေးကား ဝင်အောင်းသံ . . .
ကျွန်တော်လည်းမကောင်းတတ်လို့သွားလိုက်တယ် . . သူလည်း ကားအောက်ဆင်းလာသည် . .
မျက်နှာက ဆီးဖွေ့ . . .
' အဲ . . မင်းလေး က ချိုင့်ကို စွတ်ဆက်နင်းတာကို . . '
' အင်း . . ဘယ်လိုလုပ်ရပါ့မလဲ . . . စိတ်ညစ်တယ် . . '
' အေးဆေးပါ . . . ကျွန်တော်ကူပါ့မယ် . . . ကျောင်းပြန်ရင်သာ ကျွန်တော်ကိုစောင့် . . .
ကျွန်တော့်လုပ်နေကျ ဘော်ဒီရှုံမှာ အပ်ပေးမယ် . . တစ်ထိုင်ထဲပြီးစေရမယ် . . အိုကေ '
' ကျေးဇူးပဲ '
' သွားပြီဗျာ . . ဒါဆို . . ဗိုက်ဆာနေပြီ '
ဆိုပြီး ကျွန်တော့်ဘော်ဒါတွေဆီထွက်လာခဲ့တယ် . . အဲဒီနေ့ က . .
ကျွန်တော့်သူငယ်ချင်းတစ်ယောက်က အတွဲရသွားလို့ . . မိတ်ဆက်ပွဲနဲ့ . . ကျွေးမွေးပွဲပေါ့ . . .
ကျွန်တော့်ကိုမြင်တော့ သူငယ်ချင်းက . . .
' ဟေ့ကောင် ဒီမှာ . . '
' အော် လူတောင်စုံလို့ပါလား '
' အေး . . မင်းနဲ့နောက်တစ်ယောက်ကျန်သေးလို့ '
' အာ . . ငါထက်တောင်နောက်ကျတယ် . . ငါကနောက်အကျဆုံးထင်နေတာ . . '
' အေး . . နောက်တစ်ယောက်ကျန်သေးတယ်ကွ . . '
' အင်း '
' ဟော . . ဟိုမှာလာပြီ . . '
အော် မင်းလေးပဲ . . . မျက်နှာက အံ့ကြနေတဲ့ပုံ . . နောက် . သူလည်း . သူ့သူငယ်ချင်းတွေနား
ဝင်ထိုင်တယ် . . .
' မိတ်ဆက်ပေးမယ် . ဒါက ငါ့ချစ်သူ ဝတ်ရည် . . . . ဒါကသူ့သူငယ်ချင်း ခရေ . . .
ဒါက ကိုယ့်သူငယ်ချင်း ကျော်ကျော် . . . '
' တွေ့ရတာ ဗိုက်ဆာပါတယ် . . '
' အာ မင်းကတော့ . . ကျွေးမှာပါကွာ . . ဟား ဟား '
' အေးပါကွာ မေ့နေမှာစိုးလို့ပါ . . ဟား ဟား ဟား '
ကျွန်တော်သူ့ကို တစ်ချက်ကြည့်လိုက်တယ် . . . စွာတေးလန်ပုံဆံတော့မဟုတ်တော့ .
ရှက်ကိုးရှက်ကန်း . . . အဲဒါနဲ့ကျွန်တော်လည်း . .
' ဟေ့ကောင် . . . ဘန်ဘာကောင်းမကောင်း ဘာနဲ့စမ်းလဲကွာ '
' မသိဘူးလေ . . မင်းကတော့ လုပ်ပြီ . . '
' အေး မသိရင်မှတ်ထားအုံး . . သစ်ပင်နဲ့တိုက်ကြည့်ရတယ် ကွ '
' ရှင်နော် . . . မမြင်လိုက်လို့ကို . . '
' အော် . . မင်းတို့ကသိနေကြတာကို '
' မသိပါဘူးကွာ . . သူကစမ်းနေတာမြင်လို့ပါ '
' အာ . . တစ်ကယ်လားကွ . . ဟုတ်လား ခရေ . . ဘယ်မှာဖြစ်တာလဲ '
' ဟိုမှာ . . အဲဒီအတိုင်း . . . သူက အပြန်သူ့ကားနောက်ကလိုက်ခဲ့တဲ့ . .
ဘော်ဒီရှုံမှာလိုက်အပ်ပေးမယ်ပြောတယ် . . . '

‘ အေး . . ဟုတ်တယ် . . ငါတို့လည်းလိုက်ခဲ့မှာပါ . . ’
‘ အေး . . လိုက်ရင်မင်းမောင်းရမှာ . . မဟုတ်ရင် . . ငါ့ဘန်ဘာကောင်းမကောင်း . .
နောက်ကနေ စောင့်နေလို့ . . ဟုတ်ပေ့ဖြစ်နေမယ် ’
‘ ရှင်ကြီးနော် ’
‘ တော်ပြီ မစတော့ဘူး . . စားတော့မယ်ကွာ . . ဗိုက်အရမ်းဆာနေပြီ ’
‘ အေးပါ . . အကိုရေ . . . ’
အဲဒါနဲ့ စားကြသောက်ကြနဲ့ . . ကျောင်းပြန်တက်ကြတယ် . . အပြန်မှာတော့ . .
ကျွန်တော့်ကားနောက်က သူလိုက်လို့ . . . ဘော်ဒီရုံကိုအပ်ပေးတယ် . . .
ပြီးတဲ့အထိ ကျွန်တော်တို့ပါထိုင်စောင့်ပြီး လမ်းခွဲခဲ့ကြတယ် . . .
သူလေးကတော့ . . နံပါတ် ၄ ဖြစ်လာမယ့် . . ခရေ . . .
နာမည်က မိုက်သလို . . လူလေးကလည်း မိုက်မိုက်သွက်သွက်လေး . . .
မျက်လုံးထဲမှာတော့ . . သူ့ပုံလေးစွဲထင်သွားပြီ . . .
အပိုင်း - ၉ ။

နောက်တစ်နေ့ . . . ကျောင်းတက်တော့ . . သူကကျောင်းကားပါကင်မှာစောင့်နေတယ် . . . .
ကျွန်တော်လည်းလာရော သူက ကားပေါ်ကဆင်းလာတယ် . . နောက် . .
‘ မနေ့ကကျေးဇူးပဲနော် . . ကူညီတဲ့အတွက် . . ’
‘ ရပါတယ်ဗျာ . . . ကူညီခွင့်ရတဲ့အတွက်ကို ဝမ်းသာနေတာ ကျွန်တော်က ’
‘ အော် . . ဟိ ဟိ ’
ချစ်စရာလေး . . အခုမှ သူပြုံးတာမြင်ဘူးတယ် . . ပါးချိုင့်လေးနဲ့ . . .
‘ အော် ဒါနဲ့ဘယ်ရီးယားလဲ ’
‘ ပထမနှစ်ပါ . . ကျော်ကျော်ရော . . . ခရေတို့ထက်ကြီးမယ်နဲ့တူတယ် ’
‘ အင်းကြီးတယ် . . ကျွန်တော်က ဖိုင်နယ် ’
‘ အော်ထင်သားပဲ . . ဒါဆို ဟိုအစ်ကိုတွေနဲ့တစ်နှစ်ထဲပေါ့ ’
‘ ဟုတ်ပ့ါဗျာ ရှေ့ဆင့်နောက်ဆင့်တွေချည်းပဲ . . ’
‘ အော် . . . အင်း . . လာကန်တင်းသွားမယ် . . ဟိုမှာသူတို့လည်းရှိတယ် . . ’
‘ အန် . . ဒါဆိုဘာလုပ်နေတာလည်း ဒီမှာ ’
‘ ကျော်ကျော် ကိုစောင့်နေတာလေ . . . ကျော်ကျော်ဆိုတော့ ရိုင်းသလိုပဲနော် . . .
ကိုကျော်လို့ခေါ်မယ်နော် . . ကြိုက်ရဲ့လား ’
‘ ကြိုက်သလိုခေါ်ပါဗျာ . . . ’
‘ အင်းဒါဆို ကိုကျော်လို့ပဲခေါ်တော့မယ် . . လာသွားမယ် ’
‘ အင်း ’ ဆိုပြီးကန်တင်းကိုထွက်လာခဲ့ကြတယ် . . .
ကန်တင်းရောက်ပြီး မနက်စာစားပြီး အတန်းတက်ကြတယ် . . နေ့လည်လည်း . သူကကျွန်တော့်
အခန်းရှေ့မှာ စောင့်နေတယ် . . . နောက်ထမင်းအတူတူသွားစားကြတယ် . . .
ရင်ထဲမှာတော့ တစ်မျိုးကြီး . . . တစ်ခုခုပေ့ါ . . .
နောက်တစ်ပတ်လောက် ခရေနဲ့မတွေ့မိဘူး . . ဖုန်းနံပါတ်လည်း မသိကြသေးဘူး . .
အဆက်အသွယ်ပြတ်လို့ . . . ကျောင်းမသွားမိတာကို . . . မိုးပြည့် . . စုစု . . သဒ္ဒါနဲ့ နပန်းလုံးနေရလို့ . .
တစ်နေ့ကျောင်းသွားဖြစ်တယ် . . . မနက်စောစော . . သူငယ်ချင်းတွေလည်းမရောက်သေးတာနဲ့ . .
ကားပါကင်မှာစောင့်နေတယ် . . ဟော သူလေးလာပြီး . . . အိပ်ဖောသံကျယ်ကျယ်နဲ့ . . .
မင်းလေးရဲ့ လီမိတက် ကားလေး . . ကားပါကင်ကိုကွေ့လာပြီ . . . . ဟော . . .

ကျွန်တော့်ကားဘေးကို ပါကင်ထိုးလိုက်တယ် . . အရင်အတိုင်းပဲ . . ဒီတစ်ခါတော့
ကံကောင်းလို့သစ်ပင်မရှိ . . သို့သော် . . နောက်က တုံးနဲ့ . . ကားဘီးနဲ့ကတော့ . .
' ဒုတ် '
' ဟယ် . . . သွားပြန်ပြီထင်တယ် '
' မသွားပါဘူး . . နောက်ဆို ဖြေးဖြေးမောင်းလေဗျာ '
' သွားပါ . . မခေါ်ဘူး . . '
' အဲ . . ဘယ်လိုဖြစ်တာလဲဗျာ . ခရေကလည်း '
' အော် . . ကျောင်းမလာ . . ဘာမလာနဲ့ . . မတွေ့ချင်လို့ရှောင်နေတဲ့သူကို . .
ပြောစရာလား '
' ဟား ဟား . . မအားလို့ပါဗျာ . . ခရေရာ . . '
' တော်ပါ . . အခုမှ '
' အဲ . . . ဒေါ်ခရေရယ် . . စိတ်လေးကိုလျှော့လို့ ကန်တင်းသွားကြစို့နော် '
' မသွားပါဘူး . . . ဘာလို့သွားရမှာလဲ '
မျက်နှာလေးက ဆူပုပ်ပုပ် . . . ကြည့်လို့ကောင်းတယ်ဗျာ . . . လှတယ်လဲပြောမရ . .
ကြည့်လို့ကောင်းတယ်ဗျာ . . .
' လာပါဗျာ . . မဆိုးပါနဲ့တော့ . . သူတို့လည်းစောင့်နေရင်းပေါ့ . . လာပါ '
ဆိုပြီးလက်ကိုဆွဲလို့ခေါ်လိုက်တယ် . . ဘာရယ်တော့မဟုတ်ပါဘူး . . .
ရုတ်တရက် . . . ပြီးတော့မှ . . သတိရလို့ . .
' ဆော်ရီးနော် . . . '
' ရပါတယ် . . ' မျက်နှာကရှုက်ကိုးရှုက်ကန်း . . .
' ဒါဆိုလာနော် . . ဒီတစ်ခါဆိုလို့ကတော့ . . . ပိုဆိုးသွားမယ် '
' အဲ . . . လာပြီနော် . . . လာပြီ ' ဆိုပြီး ရယ်ကျဲကျဲလေးနဲ့ သူနဲ့ကျွန်တော် . . .
ကန်တင်းကိုထွက်လာခဲ့ကြတယ် . . . ၃၀ မိနစ်လောက်ကြာတော့ . . သူငယ်ချင်းတွေရောက်လာတယ် . .
အတွဲအတွဲတွေနဲ့ . . . . လွတ်တာဆိုလို့ . . ခရေနဲ့ကျွန်တော်ပဲရှိတယ် . . .
သူတို့ရောက်ရောက်လာချင်းပဲ
' ဟေ့ကောင် နှစ်ယောက် ရုပ်ရှင်သွားကြည့်မှာ . . လက်မှတ်မှာထားပြီးပြီ . .
အားလုံးအတွက် . . လျှောက်လည်ကြမလို့ . . . ဒီနေ့ . . ငါ့မွေးနေ့လေ . .
ကျွေးလည်းကျွေးမှာပါ . . လာ . . . နေအုံး ကားက တစ်တွဲဆီသွားမှာ . . မင်းတို့နှစ်ယောက်
ထဲကဘယ်သူ့ကား ငါ့ကိုပေးမှာလည်း . . . '
' ခရေကား ယူသွားလေ . . . ကိုကျော်ကားနဲ့လိုက်ခဲ့မယ် '
' အောင်မယ် အပေါက်အလမ်းကိုတည့်နေတာပဲ . . . အေးအေး . . ပေးကားသော့ '
' ရော့ . . ဘယ်သွားကြမှာလည်း '
' လိုက်ခဲ့ကြ . . . သမ္မတ . . . သွားနှင့်ပြီ '
အဲဒါနဲ့ သမ္မတကိုသွားခဲ့ကြတယ် . . တစ်လမ်းလုံး . . အာလာပ သလာပတွေပြောရင်းနဲ့ . .
နောက် ရုပ်ရှင်ရုံလည်းရောက်ရောလက်မှတ်လာပေးတယ် . . ဆူပါလော့ဒ် . . . ဟိုက် . . .
' ဟေ့ကောင် . . '
' ဘာလဲ . . သွား လက်မှတ်ယူပြီးအရှေ့ကသွား '
' နေအုံး လက်မှတ် . . '
' အေးပါနှစ်ယောက်စာ '
' မဟုတ်သေးဘူး . . . '

‘ ဘာဖြစ်လို့လည်း ကိုကျော် . . လက်မှတ်ပြလေ . . ဟယ် . .
အို ဘာဖြစ်လည်း . . ကြည့်တာပဲ . . လာပါ . . . ’
ဆိုပြီးကျွန်တော်လက်ကိုဆွဲလိုက်တယ် . . . ကျွန်တော်လည်းကြောင်သွားတယ် . .
သူလည်းသတိရသွားပြီး . . . လက်ကိုပြန်ယုတ်လိုက်တယ် . . . နောက်မျက်နှာကအောက်ကိုစိုက်လို့ . .
မော့တောင်မကြည့်တော့ဘူး. . . သူငယ်ချင်းတွေကပြုံးစိစိ . . . ကျွန်တော်လည်း . . . စိုက်ကြည့်လိုက်တယ် . .
သူတို့ကတော့ . . သွားမယ်သွားမယ်ဆိုပြီး အပေါ်ကိုတက်သွားတယ် . . .
ခရေကတော့ . . မတ်တပ်ရပ်လို့ . . သူတို့အပေါ်ရောက်သွားတော့မှ . . ကျွန်တော်လည်း . .
ခရေလက်ကိုပုတ်လိုက်တယ် . သွားမယ်လို့ပေါ့ . . သူကလည်း . . အဲဒီတော့မှ . . .
‘ ခဏ . . မုန့်ဝယ်မယ်နော် ကိုကျော် ’
‘ အင်း ဝယ်လေဆိုပြီးပြောလိုက်တယ် ’
နောက်တော့ နေကြာစေ့ . . အချဥ်ထုပ် . . ရေဘူး . . တစ်ရှူး . . စုံစိနေတာပဲဗျာ . . ဝယ်ပြီးတက်ခဲ့တယ် . .
ကျွန်တော်ကတော့ သူဝယ်တဲ့အထုပ်တွေဆွဲလို့ပေါ့ . . အပေါ်ရောက်တော့ . . အားလုံးမီးကမှောင် . .
ရုပ်ရှင်စတော့မယ်ပေါ့ . . မမြင်ရတော့ဘူး . . လမ်းကိုတောင် . . . သူကကျွန်တော်ကို . .
‘ ကိုကျော် . . ခဏစောင့် . . မမြင်ရလို့ ’
ဆိုပြီးသူလက်လေးက ကျွန်တော်လက်မောင်းကိုလာကိုင်တယ် . . . ကျွန်တော်လည်း . .
သူ့လက်လေးကိုကိုင်လိုက်တယ် . . နောက်လက်မှတ်စစ်ကို . . လက်မှတ်ပြလိုက်တယ် . .
သူကနေရာကိုလိုက်ပို့တယ် . . . နောက်ကျွန်တော်နဲ့သူနဲ့ထိုင်လိုက်ကြတယ် . . သူကတော့ . .
ကျွန်တော့်ဘယ်ဘက်ဘေးမှာ . . ကျွန်တော်ကအစွန်ဘက်မှာ . . .
အခုထိ ကျွန်တော်သူ့လက်ကိုကိုင်ထားတုန်း . . သူလည်းကျွန်တော်လက်ကိုစုပ်ထားတယ် . .
ခဏကြာတော့ . . သူခေါင်းကကျွန်တော်ပုခုံးပေါ်ရောက်လာတယ် . . . . နောက် . . .
ကျွန်တော်လည်းသူ့ကိုဖက်ထားလိုက်တယ် . . . . သူကတော့မှီထားတုန်း . . .
‘ ခရေ ’
‘ ဟင် ’
‘ ပြောစရာရှိတယ် ’
‘ ပြောလေကိုကျော် ခရေ နားထောင်နေတယ် . . ’
‘ အင်း . . . ကိုကျော်ပြောချင်နေတာကြာပြီ . . ဒါပေမယ့် . . ခရေစိတ်ဆိုးမှာစိုးလို့ ’
‘ ပြောပါ . . မဆိုးဘူး . . ကိုကျော်ရယ် ’
‘ အင်း . . ပြောမယ်နော် . . . ဒါဆို . . ’
‘ ဟုတ်ကိုကျော် ’
‘ ခရေကိုချစ်တယ် ‘
‘ ဟင် . . . ’
‘ ကိုကျော်ကိုရောချစ်လားဟင် ’
‘ မေးနေရသေးတယ် . . . သူ့ကိုအခွင့်အရေးတွေပေးခဲ့တာတောင် . . .
အူတူတူအတတနဲ့ . . . မပြောလိုက်ချင်ဘူး ’
‘ ပြောပါခရေရယ် . . . ’
‘ အင်း ’
‘ ဘာအင်းတုန်း . . ချစ်လားလို့မေးတာ ’
‘ အင်းဆို ’
‘ အင်းလို့မဖြေပါနဲ့ကွာ . . ချစ်တယ် မချစ်ဘူးပဲဖြေနော် ’
‘ အာ . . လုပ်ပြီကွာ . . . ချစ်တယ် ’ ဆိုပြီးဗိုက်ခေါက်ကိုလိမ်ဆွဲတယ် . . .

ကျွန်တော်လည်း လန့်သွားပြီး
' အား ' ဆိုအော်လိုက်မိတယ် . . အားလုံးတိတ်နေတော့ အသံကအကျယ်ကြီး . .
' ကိုကျော် . . ရှက်စရာကြီး . . လုပ်ပြီကွာ '
' အဲ . . မေ့သွားလို့ . . ဟိဟိ . . တစ်ကယ်နော် '
' တစ်ကယ်ရှင် . . တစ်ကယ်ပါ . . '
လို့ပြောပြီး . . သူမျက်နှာက ကျွန်တော့ပုခုံးပေါ်တင်ထားတယ် . . .
ကျွန်တော်လည်းသူပုခုံးလေးကိုဖက်လို့ . . . ရုပ်ရှင်သာကြည့်နေတယ် . . . ဘာမှမမြင်ရဘူး . .
သူကလည်း မျက်လုံးလေးမှိတ်ထားတယ် . . ရုပ်ရှင်ပြီးတော့ . . အကုန်အပြင်ကိုထွက်လာတယ် . .
ကျွန်တော်နဲ့သူနဲ့ လက်တွဲလို့ . . သူငယ်ချင်းတွေက . .
' ဒကာရပြီဟေ့ . . ဟေး ဟေး . . ဒီနေ့တော့ ငါရှင်းမယ် . . နောက်နေ့ . . မင်းတို့ကျွေးရမယ် . . '
' အင်းပါ . . မင်းကလည်း . . ငတ်ကြီးကိုကျတယ် . . '
သူကတော့ ခေါင်းလေးကိုငုံ့လို့ . . .
' အေးကွ . . ဒါမျိုးကစားပေးရတယ် . . ဟား ဟား '
ဒါနဲ့ . . စားသောက်ဆိုင်တစ်ဆိုင်သွား . . စားကြသောက်ကြ . .
ပြီး ရှခင်းသာသွားကြတယ် . . . ညနေစောင်းတော့ . . လမ်းခွဲပြီးအိမ်ပြန်ခဲ့ကြတယ် . . .
ညရောက်တော့ . . သူနဲ့ကျွန်တော်ဖုန်းပြောတယ် . . . မိုးလင်းခါနီးမှ ဖုန်းချပြီးအိပ်ယာဝင်ခဲ့တယ် . .
အပိုင်း - ၁၀ ။

ရည်းစားများလာတော့ . . . သွားတာလာတာများလေ . . လူပိုသိလေပဲလေ . . .
ဒီတော့ထုံးစံအတိုင်း မဖုံးနိုင်မဖိနိုင်ဖြစ်လာပြီ . . . ပထမဆုံး ပြတ်သွားတာကတော့ . . .
စုစု . . . . သူသိသွားပုံက . . . တစ်နေ့ . . သူကျွန်တော့်ကိုဖုန်းဆက်ခေါ်တယ် . . . .
ကျွန်တော်လည်းပုံမှန်တိုင်းထင်လို့သွားခဲ့တယ် . . . သူချိန်းတဲ့နေရာကိုရောက်တဲ့အခါမှာတော့ . .
သူမျက်နှာကတစ်ခုခုဖြစ်နေတယ် . . . . ဘယ်လိုဖြစ်နေလဲဆိုတာတော့ကျွန်တော်လည်း
သေချာမပြောတတ်ဘူး . . . သူ့ဘေးနားဝင်ထိုင်လိုက်တယ် . . သူက
' နင်အခုတစ်လောဘာလုပ်နေလဲ '
' ငါ . . ဘာလုပ်လို့လည်း . . နင်ကလည်း '
' အော်အေးပါ . . . နင်ဘာမှမလုပ်ဘူး . . ဒီမှာကြည့် ' ဆိုပြီး သူ့ဖုန်းကိုထိုးပြတယ် . . .
ဟိုက် . . . မိုးပြည့်နဲ့ ဝိုင်ကေကေအိုမှာ ကြေးအိုးစားနေတဲ့ပုံ . . . သူငယ်ချင်းလို့လည်း
ပြောမရ . . . ပြီးနောက်တစ်ပုံ . . . လက်တွဲပြီး ဝိုင်ကေကေအိုမှ အထွက်ပုံ . . .
' အဲဒါဘာလဲ . . . ကြားနေတာကြာပြီ . . ငါကိုယ်တိုင်မတွေ့ရလို့ မယုံခဲ့ဘူး . . .
အခုတော့ . . . နင်ရှင်းလေ . . ဘာလဲဒါက '
' အဲဒါ. . . . . . . . . . '
' ဘာလဲ . . . ရည်းစားပဲ . . ငါလိုမျိုးပဲမဟုတ်လား . . နင်ဟာ . . .
ရက်စက်တယ် . . ငါဘယ်လောက်နင့်ကိုချစ်တယ်ဆိုတာနင်သိတယ် . . . . .
ငါကဘာများဖြစ်နေလို့လည်း . . . နင့်အတွက်ငါက ကစားစရာအရုပ်တစ်ရုပ်လား . . .
နင်အခုလုပ်ပုံကိုလည်းကြည့်အုံး . . အေး . . ဒါတောင် ဒီတစ်ယောက်ထဲမို့လို့ . . .
နောက်ဘယ်နှစ်ယောက်ရှိအုံးမလဲမသိဘူး . . . နင်ငြင်းမှာစိုးလို့ကို . . . . ငါ့ဖုန်းနဲ့ကို . .
ရိုက်ထားတာ . . နင်ပြောလေ . . ငါအဲဒီနေ့ကို နင့်ကိုဖုန်းဆက်တော့ . . ရုံးမှာဆို . . .
အခုတော့ နင်ကဟာ . . ငါမှာတော့နင်ကိုယုံပြီး ချစ်လိုက်ရတာဟာ . . . နင်ကတော့ . .
အပြင်မှာရှုပ်နေတယ် . . . . နင်လုပ်ရက်တယ်ဟာ . . . တော်ပြီဟာ . . ငါတို့ဇာတ်လမ်း . .

ဒီမှာတင်ရပ်ရင်ကောင်းမယ် . . . အရင်လိုသူငယ်ချင်းလိုပဲနေတော့မယ်ဟာ . . .
သူငယ်ချင်းလိုပဲဆို . . . ငါ့ဆီကိုအချိန်မရွေးလာခဲ့ . . ငါကြိုနေမယ် . . . အေး . .
အခုလမ်းခွဲတယ်ဆိုတာလည်း . . နင့်ကိုမချစ်လို့မဟုတ်ဘူး . . ချစ်တယ် . . .
ဒါပေမယ့် . . . ရည်းစားအများကြီးထဲက အချစ်ကိုတော့မလိုချင်ဘူး . . .
နင်တစ်ယောက်ထဲ အတည်တကျထားတော့မယ်ဆို ပြန်လာခဲ့ . . ငါဘယ်တော့မှ
နင့်ကိုမမုန်းဘူး . . . အဲဒါနင်သိထား . . ငါသွားတော့မယ် . . . ငါ့ဆီဖုန်းမဆက်နဲ့ . .
ငါပဲဆက်မယ် . . . နင်ဆက်ရင်လုံးဝမကိုင်ဘူးနော် . . . အိမ်လဲမလာနဲ့ . . . အခုရက်ပိုင်းကို . . .
နင်တစ်ကယ်မလာနဲ့နော် . . ငါသေချာပြောထားရက်နဲ့လာရင် သူငယ်ချင်းအဖြစ်ပါရပ်စဲလိုက်မယ် . .
ငါသွားတော့မယ်ဟာ . . နင်အရမ်းရက်စက်တယ် . . . ' ဆိုပြီးမျက်ရည်တွေနဲ့ထသွားတယ် . . .
လူဆိုဘာတစ်လုံးမှ ပြန်မပြောနိုင်တော့ဘူး . . . နောင်တလည်းအရမ်းရသွားတယ် . . .
ကိုယ်သူငယ်ချင်း . . သူဒီလောက်ချစ်တယ်ဆိုတာ အဲဒီနေ့ကမှသိတယ် . . . . .
ဒါပေမယ့် နောင်တဆိုတာနောင်မှ . . . သူပြေးထွက်သွားတဲ့ပုံလေးကိုကြည့်ပြီး . .
လူကိုငိုင်ကျန်ရင်းခဲ့တယ် . . . . အားလုံးကိုပြန်စဉ်းစားလိုက်တယ်ကျွန်တော် . . . .
မိန်းကလေးတွေအတွက်လည်းမကောင်းဘူး . . ကိုယ်လည်းနာမည်ပျက်တယ် . . . .
ငါဘာလို့များဒီလောက်တောင် ရှုပ်ခဲ့ရတာလည်း . . . . အရင်တုန်းကတော့ပျော်မယ်ထင်ခဲ့တယ် . .
အခုတော့ . . . ငါဘယ်သူကိုတစ်ကယ်ချစ်ခဲ့တာလည်း . . . မိုးပြည့်လား . . . သဒ္ဒါလား . .
စုစုလား . . . ခရေလား . . . ဟူး . . ခေါင်းတွေရှုပ်လာတယ် . . . စိတ်ညစ်ညစ်နဲ့သူငယ်ချင်းတွေ
ဆီသွားတယ် . . သူတို့ကိုလည်းပြောပြတယ် . . ဖြစ်ပျက်ခဲ့တဲ့အကြောင်းကို . . .
သူတို့အားလုံးလည်း . . . ဝိုင်းပြောကြတယ် . . ရှင်းသင့်ပြီ . . . ဇာတ်လမ်းတွေ . . .
သူတို့လည်းအကြံတွေပေးကြတယ် . . . . ဒါပေမယ့် . . ရှုပ်နေဆဲ . . ရှုပ်နေဆဲ . . .
အပိုင်း - ၁၁ ။

နောက်တစ်နေ့ . . . မိုးပြည့်ကိုဖုန်းဆက်ပြီးချိန်းထားတယ် . . . မနက် ၁၀ နာရီ . . .
မိုးပြည့်ရောက်လာတယ် . . .
' ကို . . ဘာပြောမလို့လည်း . . အရေးကြီးလို့လား . . '
' အင်း . . '
' ဒါဆိုပြောလေ '
' အင်း . မိုးပြည့် . . ကိုပြောမယ် . . . မိုးပြည့်မကျေနပ်ရင် ကြိုက်သလိုလုပ်သွားနိုင်တယ် . .
ကို့ကို . . . '
' အာ . . ကိုဘာကိစ္စ '
' အင်း . . မိုးပြည့် ပြောပြီ . . . မိုးပြည့် ကိုယ်မှာ ရည်းစားတွေရှိသေးတယ် . . .
မိုးပြည့်အပြင် . . . အများကြီး . . ကိုယ်နောင်တရမိတယ် . . . ဒီလိုဖြစ်လို့ . . .
မိုးပြည့်လည်းမကောင်းဘူးကိုနဲ့တွဲလို့ . . . . သိက္ခာကျပါတယ် . . . ကို့ကိုဖြတ်ပါ . . . '
မိုးပြည့်ငြိမ်နေတယ် . . နောက်တော့သူက
' အင်း . . ဒါဆိုလည်း ဇာတ်လမ်းဒီမှာတင်ပြီးကြတာပေါ့ . . . ' ဆိုပြီး ရေခွက်ထဲက
ရေနဲ့ပက်လိုက်တယ် . . ကျွန်တော့်ကို . .
' ပြီးသွားပြီဇာတ်လမ်း . . . ဒီရေတွေလိုပဲ . . ' ဆိုပြီးထထွက်သွားတယ် . . .
ကျွန်တော်လည်း ရေရွှဲလည်းနဲ့ထိုင်နေတုန်း . . . သူငယ်ချင်းတွေကနောက်ဝိုင်းမှာထိုင်နေတယ် . . .
သူတို့လည်းကျွန်တော်ဆီထလာတယ် . .
' ဟော့ကောင်လာသွားမယ် . . . '

ဆိုပြီးထထွက်လာခဲ့တယ် . . . အဲဒီနေ့ပဲ . . နေ့လည် ၁၂ နာရီ . . သဒ္ဒါနဲ့ချိန်းထားတယ် . . .
ချိန်းတဲ့နေရာကို သဒ္ဒါလာခဲ့တယ် . . . . နေရာက . . . ကန်ဘောင်က ကားပါကင် . . .
ကျွန်တော်ကားနောက်ဖုံးပေါ် ထိုင်နေတယ် . . . သူတွေ့သွားပြီး ကျွန်တော်ဆီ
မောင်းလာတယ် ကားကို . . နောက် . . . ရပ်လိုက်တယ် . . . ပြီးသူက . .
‘ ကျော်ဘာအရေးကြီးလို့လည်း . . ဖုန်းဆက်ပြီးတောင် ခေါ်ရတယ်ဆိုလို့ ’
‘ သဒ္ဒါ . . ပြောစရာရှိလို့ပါ . . မကျေနပ်ရင် လုပ်ချင်သလိုလုပ်သွားလို့ရပါတယ် . . .
ကြိုလည်းတောင်းပန်ထားပါတယ် . . ’
‘ အန် ကျော် . . ဘာတွေမျှားလဲ ’
‘ သဒ္ဒါ . . . ကျော်မှာ ရည်းစားက သဒ္ဒါအပြင် အများကြီးရှိသေးတယ် . . .
သဒ္ဒါ ကျော်နဲ့တွဲတာ သိက္ခာကျပါတယ် . . . ကျော်ကို ဖြတ်ပါ . . .
ဖြစ်ပျက်ခဲ့သမျှအားလုံးအတွက်တောင်းပန်ပါတယ် သဒ္ဒါ . . .
ခွင့်လွှတ်ပေးဖို့တော့မတောင်းဆိုရဲပါဘူး . . . သဒ္ဒါ အခုကိစ္စအတွက် . .
မကျေနပ်ရင် ကြိုက်သလိုလုပ်နိုင်ပါတယ် . . ကျော်ခံဖို့အသင့်ပါပဲ . . . ’
‘ ဒီမှာကျော် . . မင်းလေးက ငါ့တို့ထက်စာရင်ငယ်တယ် . . . အေး . . .
ဒါပေမယ့် မင်းလေးကို မောင်လေးတစ်ယောက်လို . . . ချစ်သူတစ်ယောက်လို
ချစ်လို့တွဲခဲ့တယ် . . . အေး . . ဖြစ်တော့ဖြစ်တယ်ကွာ . . ဒေါသလည်းထွက်တယ် . . .
မင်းကို . . . မင်းကို ငါချစ်ခဲ့ရတာ . . . မတန်ဘူးကွာ . . အချစ်ဆိုတာဘာလဲ . .
မင်းဘယ်လိုသတ်မှတ်ထားလဲငါမသိဘူး . . ငါ့အတွက်တော့ . . အဖိုးတန်ဆုံး . .
သင်ခန်းစာပဲ . . . မင်းဟာငါ့အတွက်တော့အမှတ်တရပဲပေါ့ . . . မင်းက ငါဘာလုပ်လုပ်ခံမယ်ပေါ့ ’
‘ အင်း ’
‘ ဖြန်း ဖြန်း ’
ပါးကို ဘယ်ပြန်ညာပြန်နှစ်ချက်ရိုက်လိုက်တယ် . .
‘ အေး တစ်ချက်က ငါ့အတွက်အချစ်ကိုစော်ကားလို့ . . နောက်တစ်ချက်က . . .
မိန်းကလေးတွေအတွက် . . နောက်မင်းဝဋ်မလည်ပါစေနဲ့ကွာ . . . ’
ဆိုပြီး ကားပေါ်တက်ပြီးမောင်းထွက်သွားတယ် . . . ကျွန်တော်လည်း အဲဒီအတိုင်းရပ်နေမိတယ် . .
သူငယ်ချင်းတွေက ကားပေါ်ခေါ်ပြီး မောင်းထွက်ခဲ့တယ် . . . ခရေ . . . သူကိုလည်း . . .
အဲဒီနေ့ပဲ . . ညနေ ၄ နာရီ . . ချိန်းထားတယ် . . နေရာက စိမ်းလန်းစိုပြေက . . ကန်စပ်နားက
ခုံတစ်ခုံ . . သူရောက်လာပြီ . . .
‘ ကိုကျော် . . . ပြောလေ . . ဘာကိစ္စ ’
‘ ခရေ . . . ကိုပြောစရာရှိလို့ . . မကျေနပ်ရင် ခရေကြိုက်သလိုလုပ်သွားနိုင်တယ် . .
ဒီကိစ္စက ကိုတစ်ယောက်ထဲလုပ်ခဲ့တာ . . သူငယ်ချင်းဆိုတာမှန်တယ် . . .
မတူဘူး ခရေ . . ဝါးလုံးရှည်နဲ့မရမ်းဖို့အရင်တောင်းပန်တယ် . . . ကို့မှာ . .
ခရေအပြင်ရည်းစားတွေရှိတယ် . . . ကို့ကိုဖြတ်ပါ . . . . ခရေ သိက္ခာကျတယ် . . ကိုနဲ့တွဲလို့ . .
ရှုပ်တဲ့ပွေတဲ့လူတစ်ယောက်ကိုတွဲရတာ မကောင်းပါဘူး . . ’
‘ ကိုကျော် . . . အစထဲကသိပါတယ်ကိုကျော် . . တစ်နေ့ဒီစကားပြောလာမှာလည်းသိတယ် . .
ဘာမှကိုကျော်ကိုမလုပ်ပါဘူး . . ကိုကျော်ဆီကို ခရေက စဝင်လာတာပါ . . .
ကိုကျော်ဖြတ်စေချင်ရင်လည်း ဖြတ်ပါ့မယ်ကိုကျော် . . ဒါပေမယ့် . . .
ကိုကျော် ကို ဒဂုံတက္ကသိုလ်က ခရေ . . ချစ်ခဲ့ဘူးတယ်ဆိုတာ . . အမှတ်ရတယ်ဆိုရင် . .
ခရေကျေနပ်ပါတယ် . . . ကိုကျော် ခရေကိုတစ်ကယ်မချစ်ခဲ့ဘူးဆိုတာလည်းသိပါတယ် . .
ကိုကျော် . . ကျေနပ်ပါတယ် . . . ခရေအတွက် ကိုကျော်ပေးဆပ်ခဲ့မှုတွေအတွက် . .

ကျေနပ်ပါတယ် . . တစ်ခုပဲတောင်းဆိုချင်တယ် . . . ကိုကျော် ဖုန်းနဲ့ခရေဖုန်းလဲမယ် . . .
ဒါခရေလုပ်ချင်တာပဲ . . ကိုကျော်ဖုန်းပေးပါ . . . '
ဆိုပြီး တောင်းတယ် . . ကျွန်တော်လည်းပေးလိုက်တယ် . . နောက် ဆင်းကတ်ချင်းလဲပြီး . .
သူ့ဘန်းဆက်နဲ့ ကျွန်တော်ဖုန်းကိုပြန်ပေးတယ် . . .
' ကိုကျော် . . ဘန်းဆက်လဲချင်လည်းလဲလိုက်ပါ . . သိမ်းချင်လည်းသိမ်းထားပါ . .
ခရေတော့ ကိုကျော်ဘန်းဆက်ကို အမြဲပဲကိုင်သွားမယ် . . . ကိုကျော် . . ခရေသွားတော့မယ် . .
အရာရာဟာ သူ့နေရာနဲ့သူနေတာကောင်းပါတယ် . . . ဆန်းလာရင်ရှုပ်လာတယ်ကိုကျော် . .
သွားတော့မယ်နော် . . '
ဆိုပြီးထထွက်သွားတယ် . . ကျွန်တော့်လက်ထဲမှာတော့ . . သူ့ဟန်းဆက်နဲ့ . . ကျွန်တော့်ဖုန်း . .
အပြန်မှာ ဟန်းဆက်ရောင်းတဲ့ဆိုင်ဝင်ပြီး ဟန်းဆက်တစ်လုံးဝယ်လိုက်တယ် . . .
နောက်လဲလိုက်တယ် . . . ပြတ်ပြီဆိုမှ . . အရာအားလုံးပြတ်တာကောင်းပါတယ် . . .
နောက်အိမ်ကိုပြန်ခဲ့တယ် . . . စိတ်ထဲမှာတော့ ရှင်းသွားပြီ . . လွတ်လပ်သွားသလိုခံစားရတယ် . .
ဒါပေမယ့် . . သိခဲ့ရတာတစ်ခု . . တစ်ကယ်ချစ်တာ စုစု . . . သူ့အတွက် . . အချိန်ပေးမှု . .
ပေးဆပ်မှု . . လိုက်လျောမှု အနည်းဆုံး . . . အခုတော့ နောင်တတွေတစ်ပွေ့တစ်ပိုက် . . .
အရာအားလုံးက ကျော်လွန်ခဲ့ပြီ . . . အခုအချိန်မှ . . စုစု ကို ငါမရှုပ်တော့ပါဘူးပြောလည်း . .
သူယုံတော့မှာမဟုတ် . . . . အားလုံးကပြီးခဲ့ပြီ . . . စုစု လည်းထွက်သွားပြီအဝေးကို . . .
အနားမှာရှိခဲ့တဲ့ အရာကိုတန်ဖိုးထားရမှန်းမသိ . . ဝေးသွားမှတန်ဖိုးကိုသိသလို . . .
စုစု ကိုလွမ်းနေတယ် . . ဖုန်းဆက်လို့မရ . . အိမ်သွားလို့မရ . . . ဘာဆိုဘာမှလုပ်ပေးခွင့်မရတော့ဘူး . .
ငါရှုပ်ခဲ့တာ ဝန်ခံတယ် စုစု . . . ဒါပေမယ့် . . မင်းကိုငါတစ်ကယ်ချစ်ခဲ့တယ် . . .
ဒါပေမယ့်ဒါတွေဟာအခုတော့ တစ်ထောင့်တစ်ည ပုံပြင်တစ်ပုဒ်လိုဖြစ်ခဲ့ပြီ . . .
မင်းဖုန်းဆက်လာမယ့်နေ့ကိုမျှော်နေတဲ့ငါ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

ပြီးပါပြီ . . .

---

ဒီဇာတ်လမ်းကတော့ . . . အားကျဖို့မကျဖို့ကျွန်တော်မပြောလိုပါဘူး . .
ယောက်ျားလေးတစ်ယောက်ဟာ . . ရည်းစားအများကြီးထားလို့လည်း . . .
ပျော်ဖွယ်ရာမရှိပါဘူး . . . စိတ်ရှုပ် . . လူပန်းနဲ့ပဲ . . နောက်ဆုံးမှာတော့ . . .
နာမည်ပျက်ပဲကျန်ခဲ့တာပါပဲ . . ဒါကတော့ အသေအချာပဲ . . .
တစ်ယောက်နဲ့ပြတ်သွားလို့နောက်တစ်ယောက်တွဲတာအပြစ်မဟုတ်ဘူး . . .
တစ်ခါတည်း အများကြီးထားရင်တော့ . . . ကိုယ်လည်းမကောင်းသလို . . .
သူတို့တွေအတွက်လည်းမကောင်းဘူးပေါ့ . . .
တစ်ယောက်ဆိုတစ်ယောက် စွဲစွဲမြဲမြဲချစ်လို့ ဘယ်သူမှအပြစ်မပြောပါဘူး . .
ချီးကျူးတာပဲရှိမှာပါ . . သစ္စာရှိတယ် . . တစ်ကယ်ချစ်တယ် . .
သူ့ကောင်မလေးကံကောင်းတယ်လို့ပေါ့ . .
ကိုယ်တစ်ကယ်လက်ထပ်ရမှာလည်း မိန်းကလေးတစ်ယောက်ထဲပဲ . . .
အဲဒီကိုယ်တစ်ကယ်ချစ်တဲ့ မိန်းကလေးနဲ့ကြမှ . . . ကိုယ့်ရဲ့အတိတ်နောက်ကြောင်းတွေကြောင့် . .
အဆင်မပြေခဲ့ရင် . . . ကိုယ်ပျော်နိုင်အုံးမလား . . . ဘာများလုပ်နိုင်တော့မှာလည်း . . .

အတိတ်ဟာပြီးခဲ့ပြီ . . ဒါပေမယ့် ပြင်မရတော့ဘူး . . . အားလုံးဟာနောင်တအဖြစ်ပဲကျန်ခဲ့မှာ . . .
လူတိုင်းမှာ ချစ်ခွင့်ရှိပါတယ် . . . အဲဒီချစ်ခွင့်ကြောင့်မိန်းကလေးတွေကိုချစ်တတ်တယ် . .
အဲဒီအတွက် ဖြစ်လာမယ့်အကျိုးဆက် . . . . ဘယ်မိကောင်းဖခင် မိန်းကလေး မိဘမှ . .
လူရှုပ်လူပွေ တစ်ယောက်ကို သဘောမတူနိုင်ပါဘူး . . ဘယ်လောက်အောင် . .
ကျန်တဲ့အချက်တွေပြည့်စုံပါစေ . . . အဲဒီအတွက် ဒီတစ်ချက်ကြောင့် . . ကိုယ်တစ်ကယ်ချစ်တဲ့
မိန်းကလေးကို စွန့်လွှတ်ရမယ်ဆို . . စွန့်လွှတ်နိုင်ပါ့မလား . . . နောင်တမရအောင် . . .
မလုပ်ခဲ့ရင်တော့ . . နောင်တဆိုတာရှိလာမှာမဟုတ်ပါဘူး . . . .
တစ်ယောက်ဆိုတစ်ယောက်ချစ်နိုင်ကြပါစေဗျာ
. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .